# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သောစိတ်ဖြင့်ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၄၉)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္လာနေ့


## ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်၅ ခုနှင့်ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ

စာမျက်နှာ ၁၆ ကော်လံ ၁ ◆



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဝေန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်ကို လေ့လာနိုင်

ညောင်ဦး စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေးရောက်ရှိခဲ့ပါက သဘာဝကိုအခြေခံ၍ တောင်တက်ခရီးစဉ်ပါတက်ရောက်နိုင်သည့် တုရင်တောင်တန်း၏ တောင်ဘက်သက်စိုးတောင်ပေါ်ရှိကျောက်ရေကန်ကိုလေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှသိရသည်။

အဆိုပါ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်ကို တုရင်တောင်ပေါ်ရှိ ဘုန်းကြီးကျောင်းသွားသည့်လမ်းနှင့် တုရင်တောင်စွယ်တော်မြတ်စေတီသွားသည့်လမ်းနှစ်လမ်းမှသွားရောက်နိုင်ပြီး တုရင်တောင်ဘုန်းကြီးကျောင်းရှေ့တွင် ကား၊ ဆိုင်ကယ်များ

စာမျက်နှာ ၅ ကော်လံ ၁ ▲

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်း ဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုး

မြိတ် စက်တင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်း ၄၀၁၆၀၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အသီးခူးဧကအနေဖြင့် ၁၇၃၉၂၆ ဧကရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၁ ဒသမ ၆၅ တန် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ▼





## ယနေ့ဖတ်စရာ


ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ စာ - ၁၆ သို့

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ စာ - ၁၆ သို့

တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် အမျိုးသမီးများ၏ ကင်ဆာရောဂါအန္တရာယ် ဆောင်းပါး- စာ - ၈ သို့

ကောက်ရိုးမှိုအထွက်နှုန်း တိုးစေမည့် ပြုပြင်ထိန်းသိမ်းနည်း



ဆောင်းပါး စာ - ၁၂ သို့


## မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် စက်တင်ဘာလ ၁၇ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၁၇ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ⇒

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်

# နှစ်နိုင်ငံဆက်ဆံရေးနှင့်သံတမန်အခန်းကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ စက်တင်ဘာလ ၁၁ ရက်မှ ၁၂ ရက်အထိ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်နှင့်တွေ့ဆုံခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အာဆီယံအဖွဲ့အတွင်း မူလအတိုင်း တက်တက်ကြွကြွပါဝင်လာစေရေး အပြည့်အဝထောက်ခံကြောင်း၊ နိုင်ငံတကာမျက်နှာစာမှာလည်း အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်းနှင့်မြန်မာနိုင်ငံ၏ ရပ်တည်ချက်ဖြစ်သည့် မြန်မာနိုင်ငံအတွက် မြန်မာ့နည်းလမ်းဖြင့်သွားမည်ဆိုသည့် ရပ်တည်ချက်ကိုလည်း အပြည့်အဝထောက်ခံပါကြောင်းပြောဆိုခဲ့သည်။

ကမ္ဘောဒီးယားနှင့်မြန်မာတို့၏ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်ပြီး ယခင်ကတည်းကချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိသည်။ ထို့အတူနှစ်နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကိုးကွယ်မှုအစဉ်အလာနှင့်သက်ဝင်ယုံကြည်မှုများတွင်လည်း များစွာတူညီသည်။ နှစ်နိုင်ငံသည် မွန်ခမာမျိုးနွယ်များဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံ၏ယဉ်ကျေးမှုနှင့် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုများတွင်တူညီမှုရှိသည်။ စာပေတွင်လည်း မွန်စာပေနှင့်ကမ္ဘောဒီးယားစာပေများ အနည်းငယ်တူညီမှုရှိသည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများတူညီသည့်အတွက် အိမ်နီးချင်းနိုင်ငံများမဟုတ်ကြသော်လည်း ချစ်ကြည်ရင်းနှီးသော၊ ကောင်းမွန်သောဆက်ဆံရေးရှိသည့်နိုင်ငံများဖြစ်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား စက်တင်ဘာလ ၁၂ ရက်ကတွေ့ဆုံအမှာစကားပြောကြားစဉ် **"ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့်သံတမန်များနှင့်ပညာတော်သင် သင်တန်းသားများအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းအမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေမှန်များကိုလည်း မျက်ခြည်မပြတ်လေ့လာသိရှိနေရန်လိုကြောင်း၊ အလားတူမိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်နေသည့်နိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာများနှင့် မျက်မှောက်ကာလဖွံ့ဖြိုးတိုးတက်လာမှုများ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်"** တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာကြီးတွင် နိုင်ငံအချင်းချင်းဆက်ဆံရေးသည် အထူးအရေးပါသည့်ကဏ္ဍတွင်ရှိနေသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် သံတမန်များ၏အရည်အချင်းပြည့်ဝမှုသည် အဓိကဖြစ်သည်။ သံတမန်များအနေဖြင့် မိမိတို့ရောက်ရှိသည့်နိုင်ငံ၏ဘာသာစာပေများကို လေ့လာတတ်မြောက်ထားရမည်ဖြစ်သည်။ ဘာသာစကားတတ်ကျွမ်းမှုမှတစ်ဆင့် မိမိတို့ဆက်ဆံဆောင်ရွက်ရသည့်နိုင်ငံများနှင့် ရင်းနှီးမှုများရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့်နှစ်နိုင်ငံဆက်ဆံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတိုးတက်စေမည်ဖြစ်သည်။ ထို့ပြင် မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ် အစဉ်မွေးမြူထိန်းသိမ်းထားကြရမည်ဖြစ်သည်။ မိမိတို့တာဝန်ထမ်းဆောင်သည့်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီကူညီစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုခိုင်မာစေရေးအတွက် သံတမန်များကလည်း ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မိုးမြေပဲ တောင်သူပညာပေးကွင်းသရုပ်ပြပွဲဆောင်ရွက်

**နတ်မောက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်၌ လေးအိမ်အုပ်စု ကွင်းအမှတ်(၅၀၇)ဦးပိုင်အမှတ်(၇၇/၂) တောင်သူ ဦးမောင်ကျန် မကွေး-၁၂ မိုးမြေပဲ စိုက်ခင်း၌ မိုးမြေပဲ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို စက်တင်ဘာလ ၁၂ ရက်တွင် ဆောင်ရွက်ကြရာ နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးဦးမြေပဲစိုက်ဧက ၄၀၁၈၅ ဧက စိုက်ပျိုးထားရှိပြီး တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၇၀ ထွက်ရှိရေးအတွက် ၂၈၀၅၅ ဧက စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ချိုက မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံအထူးဇုန်(၁)အတွင်း စိုက်ပျိုးရေးဦးစီးဌာနက မိုးမြေပဲစတင်စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ ဆောင်ရွက်ရမည့်နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးတောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် မျိုးကောင်းမျိုးသန့်များအသုံးပြုခြင်း၊ ဓာတ်မြေဩဇာကိုအချိန်ကိုက်အသုံးပြုခြင်း၊ မြေပဲအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အပင်ဖြစ်ထွန်းမှု၊ ပိုးမွှားဒဏ်ခံနိုင်မှုအခြေအနေများစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများက စုပေါင်းဆောင်ရွက်ခဲ့ရာ မိုးမြေပဲအစို တစ်ဧကအထွက်နှုန်းတင်း ၉၀ ထွက်ရှိကြောင်း သိရသည်။

**လှဝင်း**


**သဇင်(FM)အသံလွှင့်အစီအစဉ်**
၁၄-၉-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |



မြဝတီ နေ့စဉ်

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးမျိုးဝင်းရှိန် |
| စာတည်းမှူး (မြန်မာ) | - | ဦးရာဇာအောင် |
| စာတည်းမှူး (အင်္ဂလိပ်) | - | ဦးရဲမင်းတင် |
| စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် | - | ဦးတင်မောင်သန်း |
| စာတည်းအဖွဲ့ (မြန်မာ) | - | ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး |
| စာတည်းအဖွဲ့ (အင်္ဂလိပ်) | - | ဦးထက်မြတ်၊ ဒေါ်သီရိမွန် |
| သတင်းအဖွဲ့ (နေပြည်တော်) | - | ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော် |
| သတင်းအဖွဲ့ (ရန်ကုန်) | - | ဦးရဲစိုးအောင် |

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြခရိုင်၌စားဖိုဆောင်သီးနှံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၅၀၄၅ ဧကကို ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော စားဖိုဆောင်သီးနှံ ၅၀၄၅ ဧကကို မြောင်းမြမြို့နယ်၌ ၂၇၇၇ ဧက၊ အိမ်မဲမြို့နယ်၌ ၁၀၇၁ ဧက၊ ဝါးခယ်မမြို့နယ်၌ ၁၁၉၇ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။



"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၅၀၄၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ပျိုးမီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ်စားဖိုဆောင်သီးနှံကို မြောင်းမြမြို့နယ်မှာ အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံအဖြစ် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ ဂေါ်ဖီ၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်သီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

သုတကျော်

## ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပ

မတ္တရာ စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို စက်တင်ဘာလ ၁၂ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ၌ အခြေခံပညာမူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

ယင်းကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲတွင် ဝင်ရောက်ဖြေဆိုနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရွှေရာသား

## ဘုတ်ပြင်းမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ဘုတ်ပြင်း စက်တင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာလ ၁၃ ရက်တွင် ဘုတ်ပြင်းမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်း၌ စုပေါင်းစိုက်ထူသည်။

အဆိုပါမြေစိုက်ပိုစတာစိုက်ထူခြင်းကို ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာကို စုပေါင်းစိုက်ထူခဲ့ကြသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ပူးပေါင်းအဖွဲ့များက လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ထုတ်ဝေသည့် အွန်လိုင်းငွေကြေး လိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့် နည်းလမ်းများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လူကုန်ကူးမခံရစေရေးအတွက် သတိပြုရမည့်အချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အွန်လိုင်းငွေကြေးလိမ်လည်သည့်လုပ်ငန်းများတွင် အဓမ္မအလုပ်ခိုင်းစေခံရခြင်းဖြင့် လူကုန်ကူးခံရနိုင်ကြောင်း သတိပြုရမည့်အချက်များ၊ လူကုန်ကူးမှုဖြစ်စဉ်များ၊ ကလေးသူငယ်များ ခေါင်းပုံဖြတ်ခံရမှုများနှင့် ပတ်သက်၍ ဆက်သွယ်တိုင်ကြားနိုင်မည့်ဖုန်းနံပါတ်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာများ၊ ရပ်ကွက်ကျေးရွာများမှ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ဘုတ်ပြင်း(ပြန်/ဆက်)

## အိမ်မဲမြို့နယ်၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားနှင့် ကြက်ခြေနီအခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်း



အိမ်မဲ စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားနှင့် ကြက်ခြေနီအခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌကပေးပို့သော ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့သဝဏ်လွှာကို အိမ်မဲမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်စန်းယုရွှေက ဖတ်ကြားသည်။ ဆက်လက်၍ အိမ်မဲမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်သည်။

အိမ်မဲမြို့နယ် ကြက်ခြေနီအသင်းအနေဖြင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ဩဂုတ်လ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ရှေးဦးပြုစုခြင်းသင်တန်း(သာမန်)ကို စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့သည်။

ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ အဓိကဆောင်ရွက်မှုသည် ရွှေ့ပြောင်းသွားလာနေသူများအတွက် ရှေးဦးပြုစုခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) က ဖော်ပြထားကြောင်း သိရသည်။ ချစ်သက်လယ်(ပြန်/ဆက်)

မြဝတီ ကာတွန်း



# ရတနာပုံဝတ္ထု

**ရွှေဥဒေါင်း**

**ယမန်နေ့မှအဆက်**

"တွက်ပြီးပါပြီ အစ်မကြီးရယ်၊ လုပ်မယ့်လူမရှိရင် ဒီလောက်မကုန်ပါဘူး"

"ရှိရင်ကော"

"ရှိရင်လည်း ငွေ ၄၊ ၅၊ ၈ ရာလောက်တော့ ကျွန်တော့်အတွက် မရှိပါဘူး" ဟု ပြန်ပြောလျှင်-

"အမယ်လေးတော် ... ပိုက်ဆံများ ကျောက်ခဲသလဲ မှတ်နေပါပြီလားဟင်၊ မကြားဝံ့ပါဘူးတော်၊ ကျုပ်တို့ဖြင့် ပိုက်ဆံလည်းကုန်ဦးမယ်၊ အလုပ်လည်း ပျက်ဦးမယ်၊ ကြည့်ပါတော်"

"အလုပ်ကတော့ ကိစ္စမရှိပါဘူး အစ်မကြီးရယ်၊ ဦးသာဒွန်းရှိသားပဲ၊ တကယ်လို့ ရှေ့နေမလိုက်ရတောင် ကျွန်တော့်မှာ အခုစားလောက်အောင်ရှိပါပြီ အစ်မကြီးရဲ့" ဟုပြောလျှင် မဂျမ်းပုံလည်း မိမိရီဘက်သို့ လှည့်၍-

"ညည်းက တိုက်တွန်းတာပေါ့လေ သူ့ကို" ဟု မေးလေ၏။ "ကျွန်မနဲ့ မတွေ့ခင်ကတည်းက ကိုထွန်းမြတ်က လက်ခံမယ်လို့ အောက်မေ့ပြီးသားပါ၊ ကျွန်မကလည်း တိုက်တော့ တိုက်တွန်းတာပေါ့လေ" ဟု မိမိရီကပြောလျှင် မဂျမ်းပုံသည် ဇနီးမောင်နှံနှစ်ယောက်ကို တစ်ယောက်ပြီး တစ်ယောက်ကြည့်ပြီး-

"ဒါဖြင့် လုပ်တော့မယ်ပေါ့လေ"

"ဟုတ်တယ်"ဟု မောင်ထွန်းမြတ်က ပြန်ပြောရာ မဂျမ်းပုံသည် ပဝါကိုကောက်ယူ၍ ပခုံးပေါ်သို့တင်ပြီးလျှင် သွားတော့မည်ပြုလေ၏။ ထိုအခါ မောင်ထွန်းမြတ်က "နေဦးလေ အစ်မကြီး၊ ထမင်းစားပြီးမှ ပြန်ပါလား၊ ကျွန်တော်တို့လည်း စားတော့မှာပဲ၊ ထမင်းစားပြီးမှ ဖြည်းဖြည်း ကျွန်တော် အစ်မကြီးပြောပါဦးမယ်"

"ငါ့ပြောချင် မင်းစောစောက ဘာဖြစ်လို့ အိမ်မလာသလဲ"

"ကျွန်တော်မေ့နေလို့ပါ၊ မနက်ဖြန်တော့ ပြောမလို့ပါပဲ"

"ငါသိပါတယ်၊ ငါသိပါတယ် သွားမယ်"

"နေပါဦးအစ်မကြီးရဲ့၊ ထမင်းစားပါဦး"

"အို. . .ကျုပ် ထမင်းမစားနိုင်ပါဘူး၊ မောင်တို့အကြောင်းကြားရလို့ ဝမ်းကိုဝနေပါပြီ" ဟုပြော၍ ပဝါကို တစောင်းတင်လျက် လုံချည်ကိုပင့်ပြီးလျှင် ထွက်သွားလေ၏။

■ ■ ■ ■ ■



**အခန်း (၂၉)**

မောင်သက်ညွှန့်သည် ခင်စိန်ကြည်နှင့် ကွဲပြီးသည့်နောက် မည်သို့ရှိလေသနည်းဟု သိချင်ဖွယ်ရှိပေလိမ့်မည်။ လောင်းကစားခြင်းမှစ၍ အပျော်အပါးတို့ကို လိုက်စားရန် ဝါသနာရှိသူအပေါင်းတို့သည် မည်သို့ပင် ကံကောင်းသည်ဆိုစေကာမူ တစ်နေ့နေ့၌ မုချဒုက္ခတွေ့ကြုံမည်ဖြစ်လေသည်။ မောင်သက်ညွှန့်မှာလည်း မိဘအမွေအနှစ်အမြောက်အမြားပင် ဆက်ခံရ၍ သူဌေးကလေးတစ်ယောက်ဟုပင် ခေါ်ထိုက်သည်မှန်သော်လည်း အလောင်းအစားပြု၍ ဘိလိယက်ထိုးခြင်း၊ ဒါဘီရှိုပ်ခြင်း၊ ပြိုင်မြင်းမွေး၍ မြင်းလောင်းခြင်းစသော အကုန်အကျများသော ပျော်ပါးခြင်းတို့ကို လိုက်စားခဲ့ရာ ဥစ္စာပစ္စည်းတို့သည် တစ်နေ့တခြား လျော့ပါးကုန်၏။ ခင်စိန်ကြည်အပြင်ယူထားသော ဇနီးဖြစ်သူမှာ မိမိ၏ခင်ပွန်းသည် ဘိလိယက်ခုံ၊ မြင်းပွဲ စသည်တို့၌သာလျှင် အချိန်ကုန်လျက် ညဥ့်နက်သန်းခေါင်တိုင် ရောက်သောအခါမှ မူးယစ်သောက်စား၍ အိမ်သို့ ပြန်လာသည်ဖြစ်၍ ဤသို့မပြုရန် တောင်းပန်ပြောဆိုမည်ပြုလျှင် မောင်သက်ညွှန့်သည် ငေါက်ငမ်း၍ "ငါသိပါတယ်၊ တိတ်တိတ်နေပါ"ဟု ပြောသဖြင့် ထပ်၍လည်းမပြောဝံ့ဘဲ စိတ်နှလုံးမချမ်းမသာဖြင့် နေရလေ၏။

ပထမ၌ မောင်သက်ညွှန့်သည် လောင်းကစားတို့၌ အလျှင်းဝါသနာပါရှိသည် မဟုတ်ချေ။ မိဘအမွေအနှစ်ကိုရရှိမှ ငါသည် အလုပ်လုပ်ကိုင်၍ စားသောက်ရန် မလိုချေဟု အောက်မေ့သဖြင့် အလုပ်လုပ်ကိုင်ရမည့်အချိန်၌ အပျော်အပါးကိုသာလျှင် လိုက်စားခဲ့ရာ တစ်နေ့သ၌ မြင်းပွဲသို့ အရောက်တွင် တခြားသူတို့ လောင်းကစားနေကြသည်ကိုမြင်လျှင် အနည်းငယ်လောင်းချင်စိတ်ပေါက်သည်ဖြစ်၍ "ငါ့မှာ ငွေ ၅၀ ကျပ်၊ ၁၀၀ ကျပ်ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေပြဿနာမရှိ" ဟုအောက်မေ့ပြီး အနည်းငယ်စ၍ လောင်းကစားမိလေ၏။ ယင်းနေ့၌ နိုင်ခဲ့သော်လည်း မောင်သက်ညွှန့်မှာ များစွာဝမ်းသာသည် မဟုတ်ဘဲ နိုင်သည့်ငွေကို အပိုသုံးပစ်လိုက်လေ၏။ နောက်တစ်ကြိမ် မြင်းပွဲကြုံကြိုက်ပြန်လျှင် အနည်းငယ်လောင်းကစားပြန်ရာ မောင်သက်ညွှန့်သည် ငွေ ၃၀၀ ကျပ်ခန့်ရှုံးလေ၏။ ထိုအခါ မိမိ၏ငွေရှုံး၍သွားလျှင် နှမြောလှသည် မဟုတ်သော်လည်း မခံချင်တတ်သဖြင့် နောက်ထပ်၍လိုက်ပြန်ရာ ငွေ ၁၀၀၀ ကျပ်ခန့်ထပ်၍ရှုံးပြန်လေ၏။ ကစားဖူးသည် မဟုတ်သူအပေါင်းတို့မှာ မိမိတို့ရှုံးလျှင် မခံချင်တတ်ဘဲ အရင်းပြန်၍ရသောအခါမှတော်မည်ဟု အောက်မေ့တတ်သည့်အားလျော်စွာ တစ်နေ့ပြီးလျှင် တစ်နေ့ဆက်၍ လိုက်လေရာ မည်သည့်အခါမျှ အရင်းပြန်၍ မရဘဲရှိသည့်အတိုင်း မောင်သက်ညွှန့်လည်း ထိုနည်းအတူပြုလေ၏။

ထို့ပြင် မောင်သက်ညွှန့်သည် အတန်ငယ်ကြာသကာလ တဖြည်းဖြည်း မြင်း၌ဝါသနာပါလျက်ရှိလာရာ ကြေးငွေလည်း တတ်နိုင်သည်ဖြစ်၍ ပြိုင်မြင်းတို့ကို လက်သပ်မွေးရလျှင် သာ၍ကောင်းမည်ဟု အောက်မေ့ပြီး မြင်းနှစ်ကောင်၊ သုံးကောင်ကို ဝယ်ယူမွေးမြူလေ၏။ မြင်းမွေးပြီးသည့်နောက်၌ မောင်သက်ညွှန့်သည် မိမိ၏မြင်းပိုင်ဖြစ်သည်နှင့် အလွန်တရာယုံကြည်အားကိုးပြီး ငွေကြေးအမြောက်အမြား စွန့်စား၍ လောင်းလေ၏။ ဤသို့သောနည်းအားဖြင့် ဥစ္စာပစ္စည်းတို့သည် တစ်နေ့တခြား လျော့ပါးလာလေရာ မောင်သက်ညွှန့်သည် မြင်းနှင့်မနိုင်လျှင် တခြားကစားနည်းအားဖြင့် နိုင်မည်အောက်မေ့၍ လောင်းကစားအမျိုးမျိုးတို့၌ လောင်းကစားလေလျှင် ဤကဲ့သို့သော သူများမှာ ဥဏ်သမား၊ လူနပ်၊ လူလိမ်တို့နှင့်သာတွေ့သဖြင့် မည်သည့်ကစားနည်း၌မဆို မောင်သက်ညွှန့်မှာ ရှုံးရလေ၏။

ဤသို့သောနည်းအားဖြင့် မောင်သက်ညွှန့်မှာ ပစ္စည်းဥစ္စာ ကုန်ခန်းလုမတတ်ရှိရာ ၎င်း၏ယောက္ခမဖြစ်သူ ပင်စင်အငြိမ်းစား မြို့အုပ်မင်းက တစ်နေ့သ၌ မောင်သက်ညွှန့်ကိုခေါ်၍ "မောင်သက်ညွှန့် မင်းလည်းငယ်တော့တာမဟုတ်ဘူး၊ ဒီလောက်မိုက်တာများ မင်းမရှက်ဘူးလား၊ အခုကြည့်စမ်း မင့်မိဘပစ္စည်းတွေ ဘာရှိတော့သလဲ၊ အင်းစိန်ကခြံတွေလည်း ပေါင်ပြီးပြီ၊ လမ်းမတော်က တိုက်နှစ်လုံးလည်း မရှိတော့ဘူး၊ လမ်း ၄၀ က တိုက်ကြီးလည်းသွားပြီ၊ မင်းမှာ ဘာရှိတော့သလဲ၊ မြင်းစုတ်ကလေး နှစ်ကောင်နဲ့ မင်းတို့နေတဲ့တိုက်ကလေးပဲရှိတော့တယ်၊ ဒါတောင် ပေါင်များထားသေးသလား ငါမသိဘူး၊ ကဲ... ဒီတော့ လွန်မိတာလွန်မိပါစေ၊ ရှေ့ကိုသာ မင်းအမူအရာ၊ မင်းအကျင့်တွေ ဖျောက်ပေတော့၊ ယောကျ်ားလည်းဖြစ်ပြန်၊ လူငယ်လည်းဖြစ်ပြန်၊ ဒီတော့ မင်းတို့အရွယ်ဟာ ပိုက်ဆံကြေးငွေရှိတယ်လို့ အလုပ်အကိုင်မလုပ်ဘဲ အလကားနေလို့ မတော်ဘူး၊ အလကားနေရင် မင်းဒီလိုပဲ အပျော်အပါးလိုက်နေမှာပဲ ငါသိတယ်၊ ဒီတော့ မင်းအလုပ်တစ်ခုခုကို လုပ်မှတော်မယ်၊ မင်းကလည်း စာရေးအလုပ်ဆိုတာကိုလည်း လုပ်ချင်မှာမဟုတ်ဘူး၊ မင်းပညာကလည်း အက်ဖ်အေဆိုတော့ မြို့အုပ်လည်း တစ်ခါတည်း မဖြစ်နိုင်ဘူး၊ စာမေးပွဲဝင်ရဦးမယ်၊ ဒီတော့ စာမေးပွဲဝင်ရအောင် စာကြည့်ပေတော့၊ ဒီအတွင်းလည်းပဲ မင်းဒီမှာနေလို့မတော်ဘူး၊ တစ်နေ့က မန္တလေးက အခွန်ဝန်မင်းသူငယ်ချင်းက ရေးလိုက်တဲ့စာထဲမှာ စကားစပ်မိလို့ မြူနီစီပယ်ကော်မတီ လူကြီးတစ်ယောက်ရွေးမယ်တဲ့၊ ဒီတော့ မင်း ဒီအလုပ်က ပိုက်ဆံကြေးငွေများများရတဲ့ အလုပ်မဟုတ်ပေမယ့် ဂုဏ်ပဲရှိရှိ၊ လူလည်း တည်တည်တံ့တံ့ရှိစေတော့ မင်းရဖို့ ကြံစည်ရမယ်၊ မင်းလည်း အင်္ဂလိပ်လိုတတ်တဲ့လူပဲ၊ အထက်ဆီမှာတော့ ပညာတတ်လည်း နည်းနည်းရှားတော့ မင်းလိုလူဆိုရင် အများက သဘောတူမှာပဲ၊ ဒီတော့ အခွန်ဝန်မင်းဆီ ငါစာရေးပေးလိုက်မယ်၊ သူ့အိမ်မှာပဲတည်းပြီး ဒီအလုပ်ကို မင်းရအောင်ကြံရမယ်၊ စရိတ်ငွေနည်းနည်းပါးပါး ကုန်ကျတဲ့အတွက်ကိုလည်း ငါကခံမယ်၊ သူလည်း အခွန်ဝန်မင်းလုပ်နေတဲ့ လူတစ်ယောက်ပဲ၊ မိတ်ဆွေကောင်းတွေတော့ရှိမှာပေါ့၊ အဲ... သူတို့နဲ့ ပူးပေါင်းပြီးကြံရရင် မရဖို့မရှိပါဘူး၊ အမှန်ရမှာပဲ"ဟု ပြောလျှင် မောင်သက်ညွှန့်မှာ နေရာတိုင်း၌ လိုက်၍ပြောလေ့ရှိသော ယောက္ခမတစ်ယောက်မဟုတ်သည်ဖြစ်၍ တစ်ကြိမ်တစ်ခါပြောဆိုသည်ကို မငြင်းဆန်ဝံ့သောကြောင့် သွားပါမည်ဟု ဝန်ခံရလေ၏။ **ဆက်လက်ဖော်ပြပါမည်။**

---

# ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် ၆၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့




**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်စတော့အိတ်ချိန်း၌ စက်တင်ဘာလဒုတိယပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၄၁၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၃၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့သည်။

အဆိုပါရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေရာ စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ ငွေကျပ် ၄၁၄၅၂၃၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၃၆၄၉ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၅၈၉၇၁၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၂၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၃၇၈၂၆၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၅၆၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၁၈၃၁၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၄၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၅၀၈၄၅၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၂၉၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၅၃၁၁၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၆၆ စောင်အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၄၈၅၆၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၉၄၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။


AMATA ကုမ္ပဏီမှ ငွေကျပ် ၃၉၀၀၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၀၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၉၀၉၈၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၅၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)**



**▲ ရှေ့ဖုံးမှအဆက်**

ထားခဲ့ပြီး ၂၅ မိနစ်ခန့် တောင်တက်ခရီး လမ်းလျှောက်သွားရသည်။ ယခင်က သက်လူမျိုးများနေထိုင်သည့် တောင်ဖြစ်ကြောင်း၊ သက်လူမျိုးများနေသည့် တောင်ဖြစ်ခြင်းကြောင့် သက်စိုးတောင်ဟု အမည်တွင်ခဲ့ပြီး သက်စိုးတောင်ပေါ်မှ ကျောက်ရေကန်ကို တွေ့ရှိနိုင်သည်။

ပုဂံမင်းများက အရပ်ရှစ်မျက်နှာမှ ရန်သူများကို ကြည့်ခဲ့သည့် ကင်းစခန်းနေရာဖြစ်ကြောင်း သမိုင်းပညာရှင်များက ဆိုခဲ့ကြသည်။ တောင်ပေါ်၌ သိမ်းငှက်၊ ချိုး၊ ယုန်၊ ကြောင်၊ ဘုတ်ငှက်၊ ချိုးလင်းပြာ၊ ချိုးလည်ပြောက်၊ ငှက်ခါး၊ ပိန်ညင်းစသည့် ကျေးငှက်သတ္တဝါများ ပေါများခြင်းကြောင့် ငှက်ကြည့်ဝါသနာရှင်များပါ တက်ရောက်လေ့လာသင့်သည့်ကျောက်ရေကန်ခရီးစဉ်ဖြစ်သည်။ ကျောက်ရေကန်တောင်တက်လမ်းတစ်လျှောက်တွင်လည်း ဒေသပေါက်ပင်များဖြစ်သည့် ထနောင်း၊ ရှား၊ ရှားစောင်း၊ သမုန်း၊ တမာ၊ ထန်းပေါက်၊ နွားမဆေး၊ ဒဟတ်၊ သန်းပင်များကို ကျောက်ရေကန်သွားရာ လမ်းတစ်လျှောက်၌ တွေ့ရှိနိုင်သည်။

ကျောက်ရေကန်ကို ရောက်ပြီဆိုရင် ကျောက်ရေကန်က အလျားပေ ၈၀၊ အနံပေ ၈၀၊ အနက်ပေ ၃၀ ရှိပြီး ကျောက်ရေကန်၌ QR ကုတ်နှင့်တူသည့်အမှတ်အသားကို နံရံတွင်ရေးထိုးထားကြောင်း တွေ့ရသည်။ ငါးရုပ်၊ နဂါးရုပ်၊ မိကျောင်းရုပ်၊ ဟင်္သာရုပ်တို့ပါပြီး ကျောက်နံရံတွင် ပန်းချီပုံစံ ကျောက်ထွင်းပြီး ရေးထားသည်၊ ကျောက်ရေကန်သို့ ဝင်လိုက်သည်နှင့် ၎င်း၏သဘာဝ အလှည်ကျောက်ဂူကြီးထဲရောက်သွားသကဲ့သို့ခံစားရပြီး ဒီကျောက်ရေကန်သည်ရှေးအခါက ပုဂံနေပြည်တော်ကို ရေဖြန့်သည့်နေရာဟု သမိုင်းပညာရှင်များက ဆိုသည်။

ကျောက်ရေကန်ပတ်ဝန်းကျင်၌ ယခင်က ဆင်တပ်၊ မြင်းတပ် ထားရှိပြီး ရှေ့တန်းကင်းစခန်း တစ်ခုအဖြစ် သက်စိုးတောင်က အရေးပါခဲ့ကြောင်းသိရသည်။

ညောင်ဦးမြို့မှ တုရင်တောင်သို့ ၁ မိုင် ၇ ဖာလုံ ကွာဝေးပြီး တုရင်တောင်ပေါ်ဘုန်းကြီးကျောင်းရှေ့မှ စတင်၍ တောင်တက်ခရီး မိနစ် ၃၀ သို့မဟုတ် ၂၅ မိနစ်ခန့် တောင်တက်ခရီးစဉ်ဖြစ်ကြောင်း၊ ကျောက်ရေကန်သည် အလျားပေ ၈၀၊ အနံ ပေ ၈၀၊ အနက် ပေ ၃၀ ခန့် ရှိပြီး အလွန်ထူးခြားသည့်ရေကန်တစ်ခုဖြစ်သည်။

အဆိုပါ ကျောက်ရေကန်၏ တောင်ဘက်၌ မြကန်နှင့် အနောက်တောင်ဘက်တွင် ရှေးဟောင်းမြို့တော်ပုဂံပြည်၏ စေတီပုထိုးများ၊ ဧရာဝတီမြစ်နှင့် တန့်ကြည့်တောင်၏ တောင်စဉ်တောင်တန်းများသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား တစ်မူထူးခြားစွာဆွဲဆောင်နေသော ခရီးစဉ်သစ်တစ်ခုပင်ဖြစ်သည်။

သမိုင်းပညာရှင် အချို့က ၎င်းကျောက်ရေကန်သည် ပုဂံမင်းနေပြည်တော်သို့ ချီတက်လာမည့် အရပ်လေးမျက်နှာမှ ရန်သူများကို တိုက်ခိုက်ရန်အတွက် ရှေ့တန်းတပ်စခန်းတစ်ခုဖြစ်ပြီး စစ်ရေးအရ အလွန်အရေးကြီးသည့် ဆင်တပ်၊ မြင်းတပ်များစခန်းချရာ တပ်စခန်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်ဟု ဆိုသည်။ သက်လူမျိုးများနေထိုင်သည့်တောင်တစ်ခုဖြစ်၍ ၎င်းတောင်ကို သက်စိုးတောင်ဟုခေါ်ကြောင်း သိရသည်။

**ဒီပါလင်း**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်အား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်



**မုံရွာ စက်တင်ဘာ ၁၃**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ (၂၀၂၅) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလှူဒါန်းသော ဆန် ၉၅ တန်အား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးက အမှာစကားပြောကြားပြီးတာဝန်ရှိသူများနှင့်အတူ ဆန် ၉၅ တန်ကို ရေဘေးသင့်ပြည်သူများထံထောက်ပံ့ပေးအပ်သည်။


ထို့ပြင် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိစိုးနို့ဆီနှင့် သဘာဝဒိန်ချဉ်စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ စစ်ကိုင်းစက်မှုဇုန်ရှိ Myanmar Step ဖိနပ်စက်ရုံတွင်ဖိနပ်အမျိုးမျိုး ထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ရော်ဘာလည်ရှည်ဖိနပ်အဟောင်းများအား Recycle နည်းဖြင့် ကုန်ကြမ်းပြုလုပ်သိုလှောင်ထားရှိမှု၊ စစ်ကိုင်းစက်မှုဇုန်ရှိ မဟာနီလာ နှစ်ဘီး၊ သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံတွင် သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်နောက်ခြေတင်တန်းများ၊ မော်တော်ဆိုင်ကယ် လက်ကိုင်ဘရိတ်ကိုင်းများနှင့် ဘရိတ်ရှူးများ ထုတ်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**တိုင်းဒေသကြီး(ပြန်/ဆက်)**

**⇛ မိုးကြီးနိုင်မှ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ဆဲလ်မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာ ၃၉ ရွာမှ မိုးစပါးစိုက်တောင်သူများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချ



**မြောင်းမြ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မြောင်းမြမြို့နယ် ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ ကျေးရွာ ၃၉ ရွာမှ မိုးစပါးစိုက်တောင်သူ ၂၈၀ ဦးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးခြင်းကို စက်တင်ဘာလ ၁၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

"တောင်သူတွေ ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ဖို့နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာသွင်းအားစုတွေကို သက်သာတဲ့ဈေးနှုန်းနဲ့ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးတာဖြစ်ပါတယ်။ သွင်းအားစုတွေ သုံးစွဲနိုင်မှသာ သီးနှံတွေ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိမှာဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူတွေအနေနဲ့ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါတယ်" ဟု မြို့နယ်ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျေးလက်နေတောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများလက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်သည်။

ထိုသို့ ရောင်းချပေးရာတွင် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာ ၃၉ ရွာမှ မိုးစပါးစိုက်တောင်သူ ၂၈၀ ဦးအတွက် ယူရီးယားဓာတ်မြေဩဇာ ၆၆၁၈ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၄၅၃၂ အိတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**စန္ဒာလွင်(ကျေးလက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၂ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့်စာပေများ ဖတ်ရှုခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့်အချက်အလက်များကို ကိုယ်တိုင် လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့အား ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာပေးနံရံကပ်စာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဦးမျိုး(ဗိသနိုးမြေ)**

# ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး စက်တင်ဘာ ၁၃**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆားပြင်ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာလ ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆားပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၂၄၄၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၂၂၈ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂၁၈ ဒသမ ၈၈ သိန်း စုစုပေါင်းငွေကျပ် ၄၄၆ ဒသမ ၈၈ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မိုးလေဝသ သတင်း




# ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

**ကျိုက်ထို စက်တင်ဘာ ၁၃**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း(၁/၂၀၂၆) ကို စက်တင်ဘာလ ၁၃ ရက်တွင် ဇေယျာမွန်ရပ်ကွက်ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျိုက်ထိုခရိုင် ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးညီညီလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(TOT) တက်ရောက်ခဲ့သည့် အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများကို ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး မြို့နယ်ဥပဒေအရာရှိ ဦးထင်အောင်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးမျိုးခန့်ဟိန်းတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းကာလမှာ စက်တင်ဘာလ ၁၃ ရက်မှ ၁၆ ရက်အထိဖြစ်ပြီး ဇေယျာမွန်ရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကျောင်းပြင်ပမူလတန်းပညာရေး သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပြင်ပမူလတန်းပညာရေး၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို စက်တင်ဘာလ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်စိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် အမှတ်(၁)၊ အမှတ်(၁၅)၊ အမှတ်(၁၆)၊ အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း၊ အောင်ဇေယျာမင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူတို့အား တာဝန်ရှိသူများက သင်ယူပြီးမြောက်ခြင်း လက်မှတ်များပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ဆောင်ရွက်ရမည့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများသယ်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၁၃**

ကချင်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအဆင်ပြေစွာ ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးမှ ဝယ်ယူသယ်ဆောင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။



အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ယခုဘဏ္ဍာရေးနှစ်အတွက်တည်ဆောက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများရရှိရေးသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ မန္တလေး-မြစ်ကြီးနား လမ်းကြောင်းအတိုင်း သယ်ယူနိုင်ရေး နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် လုပ်ငန်းစီမံကိန်းအလိုက်ဘိလပ်မြေသံချောင်းစသည့် အခြေခံလိုအပ်ချက်များ လုံလောက်စွာသယ်ယူရရှိရေး ဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကုန်သည်ကြီးများအသင်း၊ ကုန်စည်ပို့ဆောင်ရေးအသင်း၊ ကုန်မာဆိုင်လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဝန်ကြီးဌာနအလိုက် ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် အဆောက်အအုံ၊ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ လိုအပ်မည့်အရေအတွက်၊ လက်ရှိသယ်ယူလျက်ရှိသည့် လမ်းကြောင်းအခက်အခဲများတင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# လှော်ကား ရေဝေရေလဲဒေသအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသအတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် ၃၀၀၊ ခရေပင် ၇၀၀၊ ပိတောက်ပင် ၃၀၀၊ ပျဉ်းမပင် ၃၀၀၊ မဟော်ဂနီပင် ၇၀၀ နှင့် ပျဉ်းကတိုးပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု Toe Farm မွေးမြူရေးခြံရှိမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ရင်းတိုက်ကွင်းကျေးရွာ ကွင်းအမှတ်(၇၃၀)ရှိ တောင်သူ ဦးမြင့်စိုး၏လယ်တွင် ဓာတုမြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်ထည့်သွင်းရေး ကွင်းသရုပ်ပြပွဲကိုလည်းကောင်း သွားရောက်ကြည့်ရှု အားပေးသည်။

ထို့အတူ ဥတိုကျေးရွာအုပ်စု ဥတိုစိုက်ပျိုးမွေးမြူရေးစခန်း၊ ဖိုးခေါင်ကျေးရွာအုပ်စု ရွာသာကျေးရွာရှိ ပိုင်ရှင် ဦးမုတ်ဆိတ်၏ ဘဲမွေးမြူရေးခြံ၊ ဆင်စခန်းကျေးရွာအုပ်စုကန်သာယာကျေးရွာရှိCrystal Diamond အသားစားကြက်ခြံ၊ တိုက်ကြီး မွေးမြူရေးဇုန်တွင် မြတ်မင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့်ကြက်ခြံနှင့် ဝက်ခြံများ တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ မှော်ဘီမြို့နယ်မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးလုပ်ငန်း၊ ကောင်းထက်အဆင့်မြင့် မွေးမြူရေးအစာတောင့်စက်ရုံ၊ ဒဂုံတက္ကသိုလ် သန့်ရှင်းသာယာသပ်ရပ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေစုကန် ဆောင်ရွက်နေမှုနှင့် မြေယာရှင်းပြလုပ်ရန် နုန်းနှင့် သဲများ စုပ်ယူနေမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၄°C |
| ရန်ကုန် | ၂၃°C | / | ၃၅°C |
| မန္တလေး | ၂၄°C | / | ၃၅°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## ၁၃-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တောင်ဝိုင်းတောင်ခရီးစဉ်ဒေသ တောင်ဝိုင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်



**ဘားအံ စက်တင်ဘာ ၁၃**

ဒေသတွင်း ငါးသယံဇာတပေါကြွယ်ဝပြီး ငါးစားသုံးမှုဖူလုံပိုလျှံစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း နှစ်စဉ် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော တောင်ဝိုင်းတောင်ခရီးစဉ်ဒေသ တောင်ဝိုင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးမျိုး စိုက်ထည့်ပွဲတွင် တောင်ဝိုင်းတောင်ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသသို့ လာရောက်လည်ပတ်ကြသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက တောင်ဝိုင်းချောင်းအတွင်း ငါးခုံးမ၊ ငါးမြစ်ချင်း ကောင်ရေ ၇၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ထို့ပြင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများပူးပေါင်း၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ) ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) ရှိ ကျောင်းသား၊ ကျောင်းသူများ စာတွေ့ လက်တွေ့ သင်ကြားသင်ယူမှုပြုနိုင်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ဖြည့်တင်းထားသော EFI Trainer Board ၊ Petrol Engine Training Bench၊ 1NR-Fe Engine Control အစရှိသည့် စက်ပစ္စည်းကိရိယာများ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဖလမ်းမြို့ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်းဘက်စုံအသုံးပြုရန် အလှူငွေများလှူဒါန်း

**ဖလမ်း စက်တင်ဘာ ၁၃**

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်းဘက်စုံအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ်သယံဇာတဝန်ကြီးနှင့်အတူ အလှူငွေများ သွားရောက်လှူဒါန်းသည်။

ထို့ပြင် နှစ်ခြင်းအသင်းတော်ဝင် မြို့သူမြို့သားများ နှင့်အတူ တနင်္ဂနွေ စုပေါင်းဝတ်ပြုဆုတောင်းပွဲတွင်ပါဝင်၍ ဝတ်ပြုဆုတောင်းသည်။

ဖလမ်းမြို့သည် နယ်မြေတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နေပြီဖြစ်ပြီး ဒေသနေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်အစိုးရရုံးဌာနများ ပုံမှန်လည်ပတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ယမန်နေ့မှစ၍ ဖလမ်းမြို့တွင် MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ဖလမ်းမြို့ ပြည်သူများ၏ MPT ဆင်းကတ်များ ပြန်လည်အသုံးပြုနိုင်ရေး လိုအပ်ချက်များရှိပါက MPT Own Shop ဝန်ထမ်းများက စက်တင်ဘာလ ၁၅ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00001 သည် ယမန်နေ့ နံနက် ၁၂ နာရီ ၁၂ မိနစ်တွင် VSAT ပေါ်မှ တစ်ဆင့် ဆက်သွယ်မှုရရှိခဲ့ခြင်းဖြစ်ပြီး ဖလမ်းမြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00015 နှင့် တွန်းဇံမြို့ပေါ်ရှိ မိုဘိုင်းစခန်း CHN00150 တို့ ဆက်သွယ်မှုရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် ဆက်သွယ်ရေး MPT လိုင်းများ အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရေးအတွက်လိုအပ်သည့်ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့သို့ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် အမျိုးသမီးများ၏ ကင်ဆာရောဂါအန္တရာယ်

ဒေါက်တာသိင်္ဂီကျော်

**"ဆေးလိပ်မသောက်ခြင်းသည် ကင်ဆာရောဂါအန္တရာယ်ကို လျှော့ချပေးသော်လည်း ဆေးလိပ်သောက်သူနှင့်အတူနေထိုင်ခြင်းသည် ဆေးလိပ်ငွေ့နှင့် လုံးဝကင်းဝေးခြင်းဟုမဆိုနိုင်ပါ။ တစ်ဆင့်ခံဆေးလိပ်ငွေ့တွင် လုံးဝအန္တရာယ်ကင်းသော ထိတွေ့မှုပမာဏမရှိသောကြောင့် ဆေးလိပ်ကင်းစင်သော အိမ်နှင့် ပတ်ဝန်းကျင်ကိုဖန်တီးရန် အရေးကြီးသည် . . ."**

ဆေးလိပ်နှင့်ဆက်စပ်သော ကင်ဆာရောဂါများကို ဆေးလိပ်သောက်သူများတွင်သာ ဖြစ်ပွားသည့် ပြဿနာဟု ယူဆလေ့ရှိကြသည်။ သို့သော် ဆေးလိပ်မသောက်သူများသည်လည်း တခြားသူများသောက်သော ဆေးလိပ်ငွေ့ကိုရှူရှိုက်မိနိုင်ပြီး ထိုအခြေအနေကို တစ်ဆင့်ခံဆေးလိပ်ငွေ့ထိတွေ့မှုဟုခေါ်သည်။ ဆေးလိပ်မသောက်သူ အမျိုးသမီးများသည် အိမ်၊ အလုပ်ခွင်၊ စားသောက်ဆိုင် သို့မဟုတ် အများပြည်သူနေရာများတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့်ထိတွေ့နိုင်သည်။ အထူးသဖြင့် အိမ်တွင် မိသားစုဝင်တစ်ဦးဦး ဆေးလိပ်သောက်ပါက ဆေးလိပ်ငွေ့နှင့် ထိတွေ့ရခြင်းသည် ရံဖန်ရံခါသာမဟုတ်ဘဲ နေ့စဉ်ဖြစ်လာနိုင်သည်။

ဆေးလိပ်မသောက်ခြင်းသည် ကင်ဆာရောဂါအန္တရာယ်ကိုလျှော့ချပေးသော်လည်း ဆေးလိပ်သောက်သူနှင့်အတူ နေထိုင်ခြင်းသည် ဆေးလိပ်ငွေ့နှင့် လုံးဝကင်းဝေးခြင်းဟု မဆိုနိုင်ပါ။ တစ်ဆင့်ခံဆေးလိပ်ငွေ့တွင် လုံးဝအန္တရာယ်ကင်းသော ထိတွေ့မှုပမာဏမရှိသောကြောင့် ဆေးလိပ်ကင်းစင်သော အိမ်နှင့် ပတ်ဝန်းကျင်ကိုဖန်တီးရန် အရေးကြီးသည်။

**ပါးစပ်အပေါ် သက်ရောက်မှု**

ဆေးလိပ်ငွေ့သည် ပါးစပ်အတွင်းသားများနှင့် တိုက်ရိုက်ထိတွေ့သောကြောင့် ခံတွင်းကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဖြစ်ပေါ်နိုင်သည့် ပြဿနာများမှာ—သွားဖုံးရောင်ခြင်းနှင့် သွားဖုံးရောဂါများ ဖြစ်လာခြင်း၊ သွားဖုံးနှင့်ပါးစပ်အတွင်းရှိ တစ်သျှူးများ ရောင်ရမ်းခြင်း၊ ပါးစပ်အတွင်း အနာများဖြစ်ခြင်း သို့မဟုတ် အတွင်းသားတစ်သျှူးများ ပုံမှန်မဟုတ်ဘဲ ပြောင်းလဲခြင်း၊ ပါးစပ်အတွင်းရှိ အဏုဇီဝပိုးမွှားများ၏ သဘာဝဟန်ချက်ပျက်ယွင်းခြင်း၊ ပါးစပ်နှင့် လည်ချောင်းကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာခြင်းတို့ဖြစ်သည်။

လက်ရှိလေ့လာချက်များအရ တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့်ပါးစပ်ကင်ဆာရောဂါအကြား ဆက်စပ်မှုရှိနိုင်ကြောင်း တွေ့ရှိထားသည်။ သို့သော် ဤအထောက်အထားများသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းနှင့် ပါးစပ်ကင်ဆာရောဂါအကြား ဆက်စပ်မှုကို ထောက်ပြသည့်အထောက်အထားများထက် နည်းပါးသေးသည်။ ထို့ကြောင့် တစ်ဆင့်ခံဆေးလိပ်ငွေ့သည် ပါးစပ်ကင်ဆာရောဂါဖြစ်စေသည့် တစ်ခုတည်းသော အကြောင်းရင်းဟု မဆိုနိုင်သေးပါ။ ပါးစပ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို သက်ရောက်စေနိုင်သည့် တခြားအရေးကြီးသော အန္တရာယ်အချက်များတွင် ဆေးရွက်ကြီးဝါးခြင်းနှင့် ကွမ်းစားခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ HPV ကူးစက်မှု၊ ပါးစပ်သန့်ရှင်းရေးအားနည်းခြင်းနှင့် လူမှုစီးပွားရေးအခြေအနေတို့ ပါဝင်သည်။ ထို့ကြောင့် ပါးစပ်ကင်ဆာရောဂါအန္တရာယ်ကိုသုံးသပ်ရာတွင် ဆေးလိပ်ငွေ့ထိတွေ့မှုအပြင် အဆိုပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**အူလမ်းကြောင်းနှင့် အဏုဇီဝပိုးမွှားများ**

ဆေးလိပ်သောက်ခြင်းသည် အူလမ်းကြောင်းအတွင်းရှိ အဏုဇီဝပိုးမွှားများ၏ ဖွဲ့စည်းပုံနှင့်လုပ်ဆောင်ချက်များကို ပြောင်းလဲစေနိုင်သည်။ ထို့ပြင် အူနံရံ၏ ကာကွယ်ပေးနိုင်စွမ်းကို အားနည်းစေခြင်း၊ ရောင်ရမ်းမှုကိုမြင့်တက်စေခြင်းနှင့် ကိုယ်ခံအားစနစ်၏ တုံ့ပြန်ပုံပြောင်းလဲစေခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။ အကျိုးပြုအဏုဇီဝပိုးမွှားများနှင့် ထိခိုက်စေနိုင်သော ပိုးမွှားများအကြား သဘာဝဟန်ချက်ပျက်ယွင်းသည့် အခြေအနေကို အဏုဇီဝပိုးမွှားမညီမျှမှု (Dysbiosis) ဟုခေါ်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့သည် အူလမ်းကြောင်းအဏုဇီဝပတ်ဝန်းကျင်နှင့် အူနံရံ၏ကာကွယ်ရေးစနစ်ကို သက်ရောက်စေနိုင်သည့် ဇီဝဗေဒဆိုင်ရာလမ်းကြောင်းများနှင့်အူလမ်းကြောင်းကင်ဆာရောဂါဖြစ်နိုင်သည့် ဇီဝဗေဒဆိုင်ရာလမ်းကြောင်းများကို လေ့လာနေဆဲဖြစ်ပြီး အတည်ပြုနိုင်ရန် သုတေသနများ ဆက်လက်လိုအပ်နေသည်။

ပါးစပ်အတွင်းရှိ အဏုဇီဝပိုးမွှားတချို့သည် အစာနှင့်အတူ အူလမ်းကြောင်းသို့ ရောက်ရှိနိုင်ပြီး အူလမ်းကြောင်း၏ ရောင်ရမ်းမှု၊ ကိုယ်ခံအားတုံ့ပြန်မှုနှင့် ကာကွယ်ရေးစနစ်ကိုသက်ရောက်စေနိုင်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့သည် အဆုတ်နှင့်နှလုံးသွေးကြောစနစ်ကို ထိခိုက်စေနိုင်ကြောင်း ခိုင်မာသော အထောက်အထားများရှိပြီးဖြစ်သည်။ ထို့ပြင် ပါးစပ်ကျန်းမာရေးနှင့်ပါးစပ်အတွင်းရှိ အဏုဇီဝပိုးမွှားများအပေါ် သက်ရောက်မှုများကိုလည်း သုတေသီများက ဆက်လက်လေ့လာနေကြသည်။ အူလမ်းကြောင်းအဏုဇီဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် အူမကြီးကင်ဆာရောဂါအကြား ဆက်စပ်မှုသည် စိတ်ဝင်စားဖွယ်ကောင်းသော သုတေသနနယ်ပယ်တစ်ရပ်ဖြစ်လာသည်။ သို့သော် တစ်ဆင့်ခံဆေးလိပ်ငွေ့ထိတွေ့မှုက အမျိုးသမီးများတွင် အူမကြီးကင်ဆာရောဂါကို တိုက်ရိုက်ဖြစ်စေသည်ဟု အတည်ပြုနိုင်ရန် သုတေသနများ ဆက်လက်ပြုလုပ်ရန် လိုအပ်နေသေးသည်။


**အမျိုးသမီးများအတွက်တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့်ထိတွေ့မှုမှကာကွယ်နည်း**

တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် ထိတွေ့မှုကိုလျှော့ချရန် အောက်ပါနည်းလမ်းများကိုလက်တွေ့အသုံးပြုနိုင်ပါသည်။ အိမ်နှင့် ကားအတွင်း ဆေးလိပ်လုံးဝမသောက်ရန် မိသားစုစည်းမျဉ်းသတ်မှတ်ပါ။ ပြတင်းပေါက်ဖွင့်ခြင်း၊ ပန်ကာအသုံးပြုခြင်း သို့မဟုတ် တခြားအခန်းတစ်ခန်းတွင် ဆေးလိပ်သောက်ခြင်းတို့သည် ဆေးလိပ်ငွေ့အန္တရာယ်ကို လုံးဝမဖယ်ရှားနိုင်ကြောင်း သိထားပါ။ ဆေးလိပ်သောက်သူများကို အိမ်၊ ကားနှင့် ကလေးများအနီးတွင်မသောက်ဘဲ အပြင်ဘက်၊ လူများနှင့်ဝေးသော နေရာတွင်သာသောက်ရန်တောင်းဆိုပါ။ အိမ်နှင့် အလုပ်ခွင်တွင် ဆေးလိပ်ကင်းစင်သော ပတ်ဝန်းကျင်ရရှိရေးကို အားပေးတောင်းဆိုပါ။

သွားဖုံးသွေးယိုခြင်း၊ ပါးစပ်အနာမပျောက်ဘဲ ကြာရှည်ဖြစ်နေခြင်း၊ ပါးစပ်အတွင်း အဖြူရောင် သို့မဟုတ် အနီရောင်အကွက်များပေါ်လာခြင်း၊ မျိုချရခက်ခြင်း သို့မဟုတ် အသံပြောင်းခြင်းတို့ဖြစ်ပါက သွားဆရာဝန် သို့မဟုတ် ဆရာဝန်များထံ စောစီးစွာပြသပါ။

ဝမ်းသွားသည့်အလေ့အထပြောင်းလဲခြင်း၊ ဝမ်းထဲတွင် သွေးပါခြင်း၊ ဝမ်းဗိုက်မအီမသာဖြစ်ခြင်း သို့မဟုတ် အကြောင်းရင်းမသိဘဲ ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ရှိပါကလည်း ဆရာဝန်နှင့်တိုင်ပင်ပါ။ မိမိ၏အသက်အရွယ်၊ မိသားစုရာဇဝင်နှင့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာရောဂါစစ်ဆေးမှုများကို လိုက်နာပါ။

ဆေးလိပ်မသောက်ခြင်းသည် ဆေးလိပ်နှင့်ဆက်စပ်သောရောဂါများကို ကာကွယ်ရန် အရေးကြီးသောအဆင့်တစ်ခုဖြစ်သည်။ သို့သော် အိမ်နှင့် အလုပ်ခွင်တွင် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ရရှိခြင်းကလည်း အလွန်အရေးကြီးသည်။ ပြတင်းပေါက်ဖွင့်ခြင်း သို့မဟုတ် ပန်ကာအသုံးပြုခြင်းထက် အိမ်နှင့်ကားအတွင်း ဆေးလိပ်လုံးဝမသောက်ခြင်းသည် ပိုမိုထိရောက်သော ကာကွယ်နည်းဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်ကင်းစင်သော အိမ်၊ ကားနှင့် အလုပ်ခွင်များ ဖန်တီးပေးခြင်းသည် အဆုတ်သာမက ပါးစပ်၊ အူလမ်းကြောင်းနှင့် ရေရှည်ကျန်းမာရေးကိုပါ ကာကွယ်ပေးနိုင်သည့် လူထုကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါကြောင်း ကျန်းမာရေးသုတရရှိစေရန် ရေးသားတင်ပြလိုက်ရပါသည်။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်မှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ ၁၂ ရက်က ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၊ အပြင်တို့၌ ချုံနွယ်မြက်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ကျောင်းဝင်းအတွင်း၊ အပြင် သာယာလှပရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

နေလင်း(ညောင်လေးပင်)

## ဝါးခယ်မမြို့နယ်၌ ဒေသထွက်ငါးမြွေထိုးခြောက်များဝယ်လိုအားကောင်း၍ အရောင်းအဝယ်ကောင်းမွန်နေ

ဝါးခယ်မ စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ဒေသထွက် ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်း၍ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ပြောဆိုချက်အရ သိရသည်။



ဝါးခယ်မမြို့နယ် ငါးပိ၊ ငါးခြောက်ဈေးကွက်၌ စက်တင်ဘာလဒုတိယပတ်မှ လက်ရှိအချိန်ထိ ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် တခြားဒေသများကလည်း မှာယူမှုများနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ငါးမြွေထိုးခြောက်က ပုံမှန်ထက်တော်တော်လေး အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို ဝယ်လိုအားများနေလို့ဖြစ်ပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေမှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်း လုပ်ကိုင်သူတွေနဲ့ လုပ်သားတွေလည်း အဆင်ပြေလာပါတယ်"ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

ဝါးခယ်မမြို့နယ်၌ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးမြွေထိုးများကိုဝယ်ယူပြီး အချို၊ အငန်စပ်၍ စနစ်တကျအခြောက်လှန်းကာ စားသုံးရန်အဆင့်ထိ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**လားရှိုး စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ အမှတ် (၆)အခြေခံပညာ အထက်တန်းကျောင်းရှိ ကမ္ဘောဇ ခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝေဖြိုးနိုင်၊ လားရှိုး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးလွင်၊ လားရှိုးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်သီတာမိုးနှင့် လားရှိုးခရိုင်ပညာရေးမှူး ဦးအေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အခြေခံပညာအဆင့် ကာလပေါ်တေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး အဆိုယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် ဒုတိယတန်း အကယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် ဒုတိယတန်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးနှင့် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာအဆင့် စန္ဒရားအတီး၊ တစ်ပင်တိုင်အက၊ ဒုံမင်းအတီးနှင့် ကချင်တိုင်းရင်းသားရိုးရာအကယှဉ်ပြိုင်ခြင်းတို့ဖြင့် ယှဉ်ပြိုင်ကျင်းပကြောင်း သိရသည်။

(ဖ၀၈)၊ လူမော်(ပြန်/ဆက်)

# အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**မဟာအောင်မြေ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်၌ အွန်လိုင်းလောင်းကစားနှင့်မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့၊ အမှတ်(၇)နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်ဖြိုးဝေက မှုခင်းကျဆင်းလုပ်ငန်းများအတွက် ပြည်သူလူထုပူးပေါင်းဆောင်ရွက်နိုင်ရန် ရာဇသတ်ကြီးဥပဒေနှင့် ပတ်သက်သောအကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အကြောင်းအရာများနှင့် online လောင်းကစားမှုများနှင့်ပတ်သက်သော ဥပဒေအကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစန်းလှိုင်က အများပြည်သူများ သိရှိလိုက်နာသင့်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်ရပ်ရွာအေးချမ်းသာယာရေးအတွက် သိရှိလိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကဥပဒေနှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**ရွှေတိုး**

---

**▼ ရှေ့ဖုံးမှအဆက်**

“ဆီအုန်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ အနက် တနင်္သာရီတိုင်းဒေသကြီးမှာသာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ဒီသီးနှံကအီကွေတာ၏တောင်နှင့် မြောက်လတ္တီတွဒ် ၁၀ံC အတွင်း ကောင်းစွာဖြစ်ထွန်းတဲ့အတွက် မြိတ်၊ ကော့သောင်းဒေသများမှာ ဧကအမြောက်အမြားကို စီးပွားဖြစ်စိုက်ပျိုးထားပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆီအုန်းကို ဆီကြမ်းအဖြစ်သာ ထုတ်လုပ်နိုင်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆီချောစက်ရုံများတည်ဆောက်၍ စားသုံးနိုင်သည့် ဆီချောထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ဖူလုံကာ ပိုလျှံသည်များကိုပင် တင်ပို့ရောင်းချပေးနိုင်မည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆီကြမ်းစက်ရုံများ လက်ရှိလည်ပတ်နေမှုမှာ ထားဝယ်ခရိုင်တွင် တစ်ခု၊ ဘုတ်ပြင်းခရိုင်တွင် နှစ်ခုနှင့် ကော့သောင်းခရိုင်တွင် နှစ်ခုရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအတွက်ပံ့ပိုးပေးအပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

---

**→ ကျောဖုံးမှအဆက်**

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ယမန်နေ့ကလည်း ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှိ ဝန်ထမ်းများနှင့်သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်အလိုက်တိုးတက်လာမည့် ဓာတ်အားသုံးစွဲလိုသူများအား ဓာတ်အားဖြန့်ဖြူးပေးရာတွင် အရည်အသွေးပြည့်မီသော ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးရေးဌာနများ အားလုံးပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ညနေပိုင်းတွင် လှည်းကူးမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ (၁)မိုင် GIS ဓာတ်အားခွဲရုံကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**



စက်တင်ဘာလ ၁၃ ရက် ည ၈ နာရီ မိနစ် ၂၀ အချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း စမ်းချောင်းမြောက်ရပ်ကွက်တွင် မီးလောင်နေကြောင်းသတင်းရရှိသဖြင့် စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ ည ၈ နာရီ ၂၅ မိနစ်အချိန်ခန့်တွင် Level 1 ယာဉ်အုပ်စုများဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် မီးငြိမ်းခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။ မြဝတီ

---

## နေ လမင်းသို့ အလင်းဆောင်စေ

❐ လူ့မိတ်ဆွေ စာပေဖြစ်တယ်ကွဲ့
အမှန်စင်စစ် သိကြပါ။
ရှင်သန်ချိန် စိတ်ခွန်အားမို့
နှလုံးသားအေးရာ။
ဗဟုသုတ ဉာဏ်ပညာ
တိုးဝေဖြာ စိတ်ရွှင်လန်း။
လောကအလယ် ဂုဏ်တင့်လို့
မြင့်မြတ်ခေါင်နန်း။

❐ ကောင်းမှုတွေ ပြုလှုဒါန်းစေဖို့
သဒ္ဓါဆင်မြန်း ဒါနထုံ။
စင်ကြယ်အောင် သီလကိန်းလို့
ငြိမ်းအေးရင်လှုံ။
အချင်းချင်း မေတ္တာခြုံ
အလုံးစုံ စိတ်ကောင်းမွေး။
ရွှန်းလဲ့ရောင်
ထွန်းသွဲ့ဆောင် နေ လမင်းသို့
အလင်းဖြန့်ပေး။

❐ ဓမ္မရေစင် သောက်သုံးအေးတယ်ကွဲ့
ရင်မှာနွေးထွေး ဧကန်။
နှလုံးသားကို အလှဆင်မှုတို့
ရှေးရှုစေရန်။
ဆုံးဖြတ်သုံးသပ် အမှားအမှန်
ထိုနှစ်တန် ဉာဏ်ဆင့်ပေါင်း။
လူမှန်လျှင် တရားအသိ
ရှိမှလူကောင်း။ ။

ဂန္ထဝင်ချစ်သူ

---

# မအူပင်မြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**မအူပင် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မအူပင်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများ ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော ယူရီးယားဓာတ်မြေဩဇာများ အသုံးပြုနိုင်ရန်အတွက် ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပေးနေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးက ယူရီးယားဓာတ်မြေဩဇာအရောင်းကိုယ်စားလှယ်ဆိုင်များအား ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ အကြံပြုပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများသုံးစွဲနိုင်သည့် ဈေးနှုန်းများ အရည်အသွေးပြည့်ဝမှု ရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိ တို့ကိုမေးမြန်း၍ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ချမ်းမြေ့**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ရေနံချောင်း စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာလ ၁၂ ရက်က မြို့နယ် လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က လူကုန်ကူးမှု၏အဓိပ္ပာယ်၊ လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှုအန္တရာယ်နှင့် သတိပြုရမည့်အချက်များ၊ လူကုန်ကူးရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် လူကုန်ကူးမှုဖြစ်စဉ်များ၊ ပြည်ပသို့ တရားမဝင်သွားရောက်ပါက တွေ့ကြုံရနိုင်သည့်ဆိုးကျိုးများ၊ လူကုန်ကူးမှုကျူးလွန်ပါက ကျခံရမည့်ပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါ အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရာ လူကုန်ကူးမှုကင်းစင်ရေး ပူးပေါင်းကူညီဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ရေနံချောင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးတို့က တက်ကြွစွာပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ရန်ကင်း

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၈၄၀၀၀၀ ကျော် တင်ပို့ထား



**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှဩဂုတ်လအထိ ငါးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ၂၉၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၈၄၀၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

အဆိုပါ ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ဇွန်လက တန်ချိန်နှစ်သိန်းကျော်ဖြင့် အများဆုံးတင်ပို့ထားပြီး မေလက တန်ချိန်တစ်သိန်းသုံးသောင်းကျော်ဖြင့် အနည်းဆုံးတင်ပို့ထားသည်။

ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ လအလိုက် ပို့ကုန်ဝင်ငွေရရှိမှုမှာလည်း ဇွန်လက အမေရိကန်ဒေါ်လာ ၇၅ သန်းဖြင့် အများဆုံးရရှိထားပြီး မေလက အမေရိကန်ဒေါ်လာ ၄၂ သန်းဖြင့် ပို့ကုန်ဝင်ငွေအနည်းဆုံး ရရှိထားသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ပြည်တွင်းရှိ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေခြင်းဖြစ်ပြီး လစဉ် ကုမ္ပဏီပေါင်း ၅၀ ဝန်းကျင်မှ ပုံမှန်တင်ပို့နေခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင် စသည့်အာရှနိုင်ငံများအပြင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန် စသည့်နိုင်ငံပေါင်း ၃၀ ကျော်မှ ၄၀ ကျော်သို့ လစဉ် တင်ပို့လျက်ရှိသည်။

နိုင်ငံတကာဈေးကွက်သို့ ပြည်တွင်းမှ ဆန်များတင်ပို့ရာတွင် ဧည့်မထ၊ ငစိန်အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်၊ ရာကျော် စသည့် ဆန်ကြမ်းအုပ်စုများကိုသာ အဓိကထား တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ဝါဝါ

# မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မုန်တိုင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာမှ လယ်ကွက်အမှတ် (၈၁၆/က) သို့ ဆက်သွယ်သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညောင်ပင်သာကျေးရွာ၌ အရှည် ၁ မိုင် ၁ ဖာလုံ၊ အကျယ် ၁၄ ပေ ၃ လက်မ၊ ထု မြေသား ၂ ပေ၊ ဂျင်း ၉ လက်မရှိ ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်၌ အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၁၅၅ ဒသမ ၂၅၄ သန်းဖြင့် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာသုံးရွာရှိ လယ်၊ ယာဧက ၃၀၀ မှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လူ

# ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျောက်ဆည်မြို့နယ်၌ကျင်းပ



**ကျောက်ဆည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်ရှိ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုသင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၂ ရက်က အဆိုပါဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မင်းက အဖွင့်အမှာစကား ပြောကြားပြီး Mycology Lab မှ ညွှန်ကြားရေးမှူး(တာဝန်ခံ) ဒေါက်တာဝင်းမင်းသန်းက နေကြာမင်း စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးသန်းထွန်းထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အထွေထွေမန်နေဂျာ ဦးသန်းထွန်းက သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အဏုဇီဝမှိုများ ထုတ်ယူစုဆောင်းခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ဇီဝနည်းပညာသိကောင်းစရာနှင့် ဇီဝဖြစ်စဉ်များအကြောင်း၊ အသုံးချဇီဝမှိုသတ်ဆေးထုတ်လုပ်ခြင်း နည်းပညာများနှင့် အကျိုးပြုဇီဝမှိုအမြောက်အမြား မွေးမြူခြင်းဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# မိုးညှင်းမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ TOT သင်တန်းဖွင့်



**မိုးညှင်း စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့အတွင်းရှိ အခြေခံပညာကျောင်းများကို သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများအဖြစ် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ TOT သင်တန်းကို စက်တင်ဘာလ ၁၃ ရက်တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်ကေသီဇင်က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ TOT သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံ ဦးသန်းဝင်းအောင်က အခြေခံပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ်ဆရာများ လက်စွဲ(Summary)စာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ၆၉ ဦး တက်ရောက်ကြပြီး သက်ဆိုင်ရာဌာနများမှ သင်တန်းနည်းပြခုနစ်ဦးတို့က ဘာသာရပ်အလိုက် အသီးသီး သင်ကြားပို့ချပေးကြကြောင်း သိရသည်။

ရွှေမိုးညှင်း

# MSME ကဏ္ဍကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့်အတွက် ဝန်ကြီးဌာနရှိ စက်ရုံများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား



**နေပြည်တော် စက်တင်ဘာ ၁၃**

MSME ကဏ္ဍကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိစက်ရုံများနှင့် တာဝန်ရှိသူအဆင့်ဆင့်အားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း MSME ဗဟိုဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ပြည်သူလူထုကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်ရလဒ်ကိုအခြေပြုသည့် စီမံခန့်ခွဲမှုဖြစ်ရန်၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်၊ စက်ရုံများအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ကုန်ထုတ်လုပ်မှုလျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်၊ ပစ္စည်းချင်းတူလျှင် အရည်အသွေး ကောင်းမွန်ရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာရမည် ထုပ်ပိုးမှုပိုမိုကောင်းမွန်ရမည် ဆိုသည့်အတိုင်း အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက်ဖြင့် ချိတ်ဆက်နိုင်ခြင်း၊ နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံ မျှဝေပေးနိုင်ခြင်းနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းတို့ဖြင့် ဒေသတွင်း စက်မှုလုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်လာအောင် ပံ့ပိုးပေးကြရန် မှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ဦးစီးဌာန/ လုပ်ငန်းတာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

---

# စစ်ကိုင်းမြို့ရှိ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားကွင်းတွင် ဘောလုံးကွင်းမြက်ခင်းပြုပြင်ခြင်း၊ ရေဖျန်းစနစ် ပြုပြင်ခြင်း၊ Over Head Tank ဂါလန် ၃၆၀၀ ဆံ့ တည်ဆောက်ခြင်း၊ ရိုးရိုးတန်းပွဲကြည့်စင် အမိုးမပါ နှစ်ထပ် ပေ ၄၄၀ x ၃၅ ပေ တည်ဆောက်ခြင်း၊ အရှေ့ဘက်၊ မြောက်ဘက်နှင့် တောင်ဘက် ပေ ၂၅၄၀ x ၇ ပေ အုတ်တံတိုင်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် ဦးစီးအရာရှိ နေအိမ် ပေ ၃၀ x ပေ ၃၀ x ၁၅ ပေ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားကွင်းအား နိုင်ငံတကာအဆင့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံနှုန်းများ အတိုင်းပြည့်မီ၍ ရေရှည်တည်တံ့ပြီး အသုံးပြုနိုင်စေရေး တို့ကို အလေးထားဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကိုမှာကြားသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်ရှိ ပိုးတန်းအားကစားကွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ခရိုင် အားကစားရုံ ပေ ၆၀ x ပေ ၃၀ x ၁၂ ပေတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ရှိအားကစားကွင်း/အားကစားရုံများ၊ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာနှင့် စာသင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသည့် အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး) တို့ရှိ စာသင်ခန်း၊ စားရိပ်သာနှင့် ဆေးပေးခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ အားကစား အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

---

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်



**မန္တလေး စက်တင်ဘာ ၁၃**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ် (၂၀) မြောက် ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲကို ယနေ့တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲတွင် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် မဟာဝိဇ္ဇာတန်းမှ ကျောင်းသား၊ ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာမွန်များ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ်နှင့် ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသားများက ဖိုက်ဘာ၊ ပလာစတာ၊ သစ်သားတို့ဖြင့် ပုံဖော်ထုဆစ်ထားသည့်ပန်းပုလက်ရာမွန်များကို ပြသထားသည်။

အဆိုပါပန်းချီ၊ ပန်းပုလက်ရာမွန်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနများမှ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှု အစီအစဉ် ကျင်းပရာ ဒုတိယဝန်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုဘာသာ ငါးခုကို စာပေပညာရပ်နှင့်တွဲဖက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းဆင်းဘွဲ့ယူကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

## နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ရောဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကောက်ရိုးမှိုအထွက်နှုန်းတိုးစေမည့် ပြုပြင်ထိန်းသိမ်းနည်း

စိုးမိုးဝင်း(စိုက်ပျိုးရေး)

ကောက်ရိုးမှိုသည် စိုက်ပျိုးပြီး ၉ ရက်မှ ၁၄ ရက်အတွင်း ရင်းနှီးငွေပြန်ပေါ်နိုင်သဖြင့် ဝင်ငွေအမြန်ရချင်သော စိုက်ပျိုးသူများ စိတ်ပါဝင်စားသည့်သီးနှံတစ်မျိုးဖြစ်သည်။ ထို့ပြင် ကောက်ရိုးမှိုသည် အာဟာရတန်ဖိုးမြင့်မားသောမှိုဖြစ်ပြီး ဒေသအတွင်းတွင် ပေါများစွာရရှိနိုင်သည့် ကောက်ရိုးထုံးများဖြင့် နေရာမရွေးအလွယ်တကူစိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများပြားလာသော်လည်း စနစ်တကျမစိုက်ပျိုးတတ်ခြင်းနှင့် အတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် အရှုံးပေါ်တတ်သည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများ အများဆုံးကြုံတွေ့နေရသည့် စိုက်ပျိုးနည်းဆိုင်ရာအခက်အခဲများမှာ မှိုမျှင်မဆင်းခြင်း သို့မဟုတ် မှိုမျှင်ဆင်းမှုအားနည်းခြင်း၊ မှိုသန္ဓေမခဲခြင်း သို့မဟုတ် မှိုဖူးမအုံခြင်း၊ မှိုဥများရိရော်ခြင်းနှင့်မည်းသွားခြင်း၊ မှိုဥများ အဆီအနှစ်မရှိဘဲ ဖော့သဖွယ်ပေါ့ပါးနေခြင်း၊ မှိုဥများ သေးငယ်ခြင်းနှင့်အထွက်နှုန်းကျဆင်းခြင်းတို့ဖြစ်သည်။ ဤပြဿနာများသည် ကောက်ရိုးမှိုစိုက်သူများ အဓိကကြုံတွေ့ရလေ့ရှိသည့် စိန်ခေါ်မှုများဖြစ်ပြီး ၎င်းတို့ကို ကာကွယ်ဖြေရှင်းနိုင်မှသာ စီးပွားရေးအရ အကျိုးအမြတ်များ ရရှိနိုင်ပေမည်။

**မှိုမျှင်မဆင်းခြင်း သို့မဟုတ် မှိုမျှင်ဆင်းမှုအားနည်းခြင်း**

ဤပြဿနာသည် ကောက်ရိုးမှိုစိုက်ပျိုးရာတွင် မှိုမျိုးစေ့သက်တမ်းရင့်လွန်းခြင်း သို့မဟုတ် မှိုမျိုးစေ့အရည်အသွေးညံ့ဖျင်းခြင်းကြောင့်ဖြစ်တတ်ရာ သက်တမ်းမှန်ပြီး အားကောင်းသော မှိုမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးရမည်။ မှိုမျှင်များသည် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်ပါက သေဆုံးနိုင်သဖြင့် ကောက်ရိုးပုံအတွင်း အပူချိန်မြင့်မားလွန်း

**ကောက်ရိုးမှို**



မှိုစိုက်ရုံထဲတွင် အလွှာအထပ်လိုက် စိုက်ပျိုးခြင်း

ခြင်းကြောင့်ဖြစ်တတ်ရာ မှိုစိုက်ပျိုးပြီး ပထမ ၃ ရက်အတွင်း အထုပ်၊ အပုံအတွင်း အပူချိန်ကို ၃၂-၃၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိနေစေရန် အထူးဂရုစိုက်ရမည်။ ထို့ပြင်ကောက်ရိုးတွင်ရေဝပ်ပြီး အောက်ဆီဂျင်ပြတ်လပ်ခြင်းကြောင့် ဖြစ်တတ်ရာ ရေလောင်းရာတွင် အစိုဓာတ်အလွန်အကျွံမဖြစ်စေရန် အထူးသတိပြုရမည်။

**မှိုသန္ဓေမခဲခြင်း သို့မဟုတ် မှိုဖူးမအုံခြင်း**

ဤပြဿနာသည် မှိုမျှင်များ ကောင်းစွာမပွားများမီ ပလတ်စတစ်အဖုံးကို စောစီးစွာဖွင့်လိုက်ခြင်းကြောင့် အပူချိန်နှင့်အစိုဓာတ်ရုတ်တရက်ကျဆင်းသွားခြင်း၊ လေဝင်လေထွက် မလုံလောက်ခြင်းတို့ကြောင့်ဖြစ်တတ်သည်။ ထို့ကြောင့် မှိုမျှင်များ ကောက်ရိုးပုံတစ်ခုလုံး အနှံ့အပြားကောင်းစွာဆင်းပြီးမှသာ အလင်းရောင်နှင့် လေကို ပြည့်ဝစွာရရှိအောင် ဖန်တီးပေးရမည်။ မှိုဖူးစတင်အုံချိန်တွင် စိုက်ပျိုးခန်း သို့မဟုတ် ကောက်ရိုးပုံ၏ အစိုဓာတ်ကို ၈၀-၈၅ ရာခိုင်နှုန်းဝန်းကျင်တွင် တည်ငြိမ်အောင် ထိန်းထားပေးရမည်။

**မှိုဥများ ရိရော်ခြင်းနှင့် မည်းသွားခြင်း**

ဤပြဿနာသည် မှိုဖူးလေးများ စတင်ထွက်ရှိချိန်တွင် ရေကိုတိုက်ရိုက်ပြင်းပြင်းထန်ထန်လောင်းမိခြင်းကြောင့်ဖြစ်တတ်ရာ မှိုဥငယ်လေးများ ပေါ်လာချိန်တွင် ရေကိုတိုက်ရိုက်မလောင်းဘဲ ရေမှုန်ရေမွှား ပုံစံဖြင့်သာ ပက်ဖျန်းပေးရမည်။ ထို့ပြင် ကောက်ရိုးပုံအတွင်း ရေဝပ်ခြင်း သို့မဟုတ် လေဝင်လေထွက်မကောင်းသဖြင့် အပူအောင်းပြီး ပုပ်သွားခြင်း၊ ဗက်တီးရီးယား သို့မဟုတ် မှိုရောဂါပိုးများ ဝင်ရောက်ခြင်းတို့ကြောင့် ဖြစ်တတ်ရာ ကောက်ရိုးပုံအောက်ခြေတွင်ရေမဝပ်စေရန် ရေနုတ်မြောင်း ကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး စိုက်ပျိုးခန်းကို လေဝင်လေထွက် မှန်မှန်လုပ်ပေးရမည်။ ဗက်တီးရီးယားများနှင့် မှိုရောဂါများ မကျရောက်အောင်လည်း သတိထားကာကွယ်ပေးရပါမည်။

**မှိုဥများ အဆီအနှစ်မရှိဘဲ ဖော့သဖွယ် ပေါ့ပါးနေခြင်း**

ဤပြဿနာသည် ကောက်ရိုး သို့မဟုတ် အသုံးပြုသော စိုက်ပျိုးမြေတွင် အာဟာရဓာတ် မပြည့်စုံခြင်း၊ အထူးသဖြင့် နိုက်ထရိုဂျင်နှင့်ကာဗွန်ဟိုက်ဒရိတ် မလုံလောက်ခြင်း၊ မှိုဥကြီးထွားချိန်တွင် အစိုဓာတ်နှင့် အပူချိန်မျှတမှုမရှိခြင်းတို့ကြောင့်ဖြစ်တတ်သည်။ ထို့ကြောင့် ကောက်ရိုးကိုပုံသည့်အခါ ဖွဲနု၊ ကြက်ချေးဆွေး သို့မဟုတ် ယူရီးယားမြေဩဇာ အနည်းငယ်ကို စနစ်တကျထည့်သွင်းပေးခြင်းဖြင့် အာဟာရဓာတ်ဖြည့်တင်းပေးရမည်။ မှိုဥကြီးထွားချိန်တွင် အစိုဓာတ်နှင့်အပူချိန်ကို မျှမျှတတဖြစ်အောင် စီမံဆောင်ရွက်ပေးရမည်။

**မှိုဥများ အရွယ်အစားသေးငယ်ခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်း**

ဤပြဿနာသည်ကောက်ရိုးအဟောင်း သို့မဟုတ် ဆွေးမြည့်နေသော ကောက်ရိုးများကို အသုံးပြုမိ



စီးပွားဖြစ် ကောက်ရိုးမှိုစိုက်ပျိုးခြင်း

ခြင်းကြောင့် ဖြစ်တတ်ရာ လတ်ဆတ်ပြီး မှိုမတက်သောကောက်ရိုးခြောက်များကိုသာ ရွေးချယ်အသုံးပြုရမည်။ မှိုစိုက်ပျိုးရာတွင် မှိုမျိုးစေ့ထည့်သည့် ပမာဏနည်းပါးခြင်းကြောင့်လည်း ဖြစ်တတ်ရာ မှိုစိုက်ပေါင်အရွယ်အစားနှင့် မျိုးစေ့နှုန်းထားကို မျှတစွာထည့်ပေးရမည်။ ထို့ပြင် မှိုစိုက်ပျိုးစဉ်ကာလတစ်လျှောက်လုံး အပူချိန်နှင့်အစိုဓာတ် အတက်အကျအလွန်များခြင်းကြောင့်လည်း ဖြစ်နိုင်ရာ မှိုထွက်ချိန်တွင် အပူချိန်ကို ၃၀-၃၂ ဒီဂရီစင်တီဂရိတ်ဝန်းကျင်တွင် တည်ငြိမ်အောင်ဂရုစိုက်ပေးရမည်။

**ပေါင်စနစ် ပြုပြင်ထိန်းသိမ်းနည်း**

ပေါင်စနစ်ဖြင့် ကောက်ရိုးမှို စိုက်ပျိုးခြင်းသည် ဈေးကွက်ဝင်ပြီး ဝင်ငွေကောင်းစေသည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော် စိုက်ပျိုးသူများ အစောဆုံးကြုံတွေ့ရလေ့ရှိသည့် စိန်ခေါ်မှုမှာ မှိုမျှင်များ ကောင်းစွာမဆင်းခြင်း သို့မဟုတ် မှိုမျှင်ဆင်းမှုအားနည်းခြင်းဖြစ်သည်။ ဤပြဿနာသည် အထွက်နှုန်းကို တိုက်ရိုက်ထိခိုက်စေနိုင်သဖြင့် အကြောင်းရင်းနှင့် ဖြေရှင်းနည်းများကို စနစ်တကျသိထားရန် လိုအပ်သည်။

ပေါင်စနစ်ဖြင့် ကောက်ရိုးမှိုစိုက်ပျိုးရာတွင် မှိုမျှင်မဆင်းခြင်း သို့မဟုတ် မှိုမျှင်ဆင်းမှုအားနည်းခြင်းသည် အဓိကကျသော ကနဦးအဆင့် အမှားအယွင်းများကြောင့် ဖြစ်တတ်သည်။ အဓိကအကြောင်းရင်းများမှာ ပေါင်ကိုပလတ်စတစ်ဖြင့် အုပ်ထားစဉ်အတွင်း အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်သွားပါက မှိုမျှင်များ လောင်ပြီး သေဆုံးသွားတတ်ပါသည်။ ပေါင်လုပ်သည့် ကောက်ရိုး သို့မဟုတ် ဖေဒါကိုညှစ်ကြည့်ပါက ရေများတစိုစိုထွက်နေလျှင် အောက်ဆီဂျင်ပြတ်လပ်ပြီး မှိုမျှင်များ မပွားနိုင်ဘဲပုပ်သွားတတ်သည်။ သက်တမ်းလွန်နေသောမျိုးစေ့၊ သယ်ယူပို့ဆောင်စဉ်အပူမိထားသော မျိုးစေ့ သို့မဟုတ် ရောဂါပိုးကူးစက်ခံထားရသော မျိုးစေ့များကြောင့်လည်းဖြစ်နိုင်သည်။ လယ်ကွင်းထဲတွင် ပိုးသတ်ဆေး သို့မဟုတ် ပေါင်းသတ်ဆေး အလွန်အကျွံဖျန်းထားသည့် ကောက်ရိုးများကို အသုံးပြုမိပါက မှိုမျှင်လုံးဝမဆင်းနိုင်ပါ။ ဖွဲနုအလွန်များနေပါက ပေါင်အတွင်း အချဉ်ပေါက်ပြီး အပူချိန်ရုတ်တရက်အလွန်မြင့်တက်ကာ မှိုမျှင်များကို သေစေသည်။

ဤပြဿနာများကို ချက်ချင်းဖြေရှင်းနိုင်ရန် ပေါင်အတွင်း အပူချိန်နှင့် အစိုဓာတ်ကို စစ်ဆေးရမည်။ ပေါင်အလယ်တည့်တည့်သို့ သာမိုမီတာထိုးသွင်းပြီး အပူချိန်ကိုတိုင်းပါ။ အပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်ထက်ကျော်နေပါက အုပ်ထားသော ပလတ်စတစ်ကို ခေတ္တလှန်ပေးခြင်း သို့မဟုတ် လေဝင်လေထွက် အပေါက်များဖောက်ပေးခြင်းဖြင့် အပူချပေးပါ။ လေဝင်လေထွက်ပြုလုပ်ပေးရမည်။ အကယ်၍ အစိုဓာတ်များလွန်းပြီး မှိုမျှင်မဆင်းပါက မနက်ပိုင်း သို့မဟုတ် ညနေပိုင်း အေးမြချိန်တွင် ပလတ်စတစ်ကို ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် လှန်ပေးပြီး လေသန့်ရရှိစေကာ အစိုဓာတ်ကို လျှော့ချပါ။ မှိုမျိုးစေ့အခြေအနေကိုကြည့်ရမည်။ မျိုးစေ့ချထားသည့်နေရာရှိ မျိုးစေ့များ မည်းပုပ်သွားခြင်း သို့မဟုတ် အဝါရောင်၊ အစိမ်းရောင် မှိုများ တက်နေပါက ၎င်းနေရာများကို ဖယ်ရှားပြီး မျိုးသန့်အသစ်ပြန်ထည့်ပေးရမည်။

**မှိုမစိုက်ပျိုးမီ သတိထားရမည့်အချက်များ**

သက်တမ်းမှန်ပြီး မှိုမျှင်အဖွေးလိုက် အားကောင်းစေမည့် မျိုးစေ့ကိုသာ ယုံကြည်ရသော မျိုးစေ့ဆိုင်များမှဝယ်ယူပါ။ မှိုမျှင်ဆင်းမှု အားနည်းရခြင်း၏နောက်ကွယ်မှ အဓိကအကြောင်းရင်းတစ်ခုမှာ မှိုမျိုးစေ့အရည်အသွေး ညံ့ဖျင်းခြင်းဖြစ်သည်။ အထူးသဖြင့် မှိုမျိုးကို တစ်ဆင့်ပြီး တစ်ဆင့်ပွားယူရာတွင် မျိုးဆက်ခုနစ်ဆက်ထက် ကျော်လွန်သွားပါက မှိုမျိုး၏သန်စွမ်းမှု ကျဆင်းသွားကာ မှိုမျှင်များဆင်းရန် ခဲယဉ်းသွားတတ်ပါသည်။ ဖြူဖွေးသန့်စင်ပြီး အားကောင်းသော မှိုမျှင်များရှိသည့် မျိုးစေ့ကိုသာ သုံးပါ။ သက်တမ်းလွန်နေသော သို့မဟုတ် နုလွန်းသော မျိုးစေ့များသည် မှိုမျှင်ဆင်းမှုနှေးခြင်း သို့မဟုတ် မဆင်းခြင်းကို ဖြစ်စေနိုင်သည်။

မှိုမျှင်များ အောင်မြင်စွာဆင်းနိုင်ရန် ပတ်ဝန်းကျင်အခြေအနေသည် အလွန်အရေးကြီးသည်။ မျိုးစေ့ချပြီး ပထမ ၃ ရက်မှ ၄ ရက်တွင် ပေါင်အတွင်း အပူချိန်ကို ၃၂ မှ ၃၅ ဒီဂရီစင်တီဂရိတ်အတွင်းသာ ရှိနေစေရန် နေ့စဉ်မပျက်မကွက်စစ်ဆေးပါ။ မှိုမျှင်ဆင်းချိန်တွင် ပေါင်အတွင်းအပူချိန်သည် ၃၂ မှ ၃၅ ဒီဂရီစင်တီဂရိတ်ဝန်းကျင်တွင် တည်ငြိမ်နေရမည်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ပါက မှိုမျှင်များလောင်ပြီး သေဆုံးသွားနိုင်သည်။

ကောက်ရိုးကို ပေါင်မလုပ်မီ လက်ဖြင့်ကျစ်ကျစ်ပါအောင်ဆုပ်ညှစ်ကြည့်ပါ။ လက်ကြားမှ ရေတစ်စက်၊ နှစ်စက်ခန့်သာကျပြီး လက်ဝါးတွင် ရေကွက်ကျန်ရုံ



ကောက်ရိုးမှို ခူးဆွတ်ခြင်း

(ရွှံမနေရ) အခြေအနေ (အစိုဓာတ် ၆၅ ရာခိုင်နှုန်း - ၇၀ ရာခိုင်နှုန်း) သည် အကောင်းဆုံးဖြစ်သည်။ ကောက်ရိုးပေါင်၏ အစိုဓာတ်သည် ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း ရှိသင့်သည်။ ရေဓာတ်လွန်ကဲပါက အောက်ဆီဂျင် ပြတ်လပ်ပြီး မှိုမျှင်များဆင်းနိုင်ခြင်းမရှိတော့ဘဲ ပုပ်သွားတတ်သည်။

စာမျက်နှာ ၁၃ သို့ ■

■ စာမျက်နှာ ၁၂ မှအဆက်

ကောက်ရိုးမှိုတွင် ဗီတာမင် ဘီ၊ စီနှင့် အခြားသတ္တုဓာတ် ၁၀ မျိုးခန့်ပါဝင်သည်။ ထို့ကြောင့် အခြားသီးနှံများထက် အာဟာရဓာတ်များစွာ ပိုမိုပြည့်ဝသည်။ ကောက်ရိုးမှိုကို အသား၊ ငါး၊ ဟင်းသီးဟင်းရွက်တို့ဖြင့် ကြော်၍၊ သုပ်၍ စားသုံးကြသည်။ တန်ပူရာမုန့်နှစ်တွင် နှစ်၍ ဘူးသီးကြော်ကဲ့သို့ ကြော်၍ စားသုံးကြသည်။ မှိုတန်ဖိုးမြင့်ထုတ်ကုန်အနေဖြင့် မှိုအသားတု၊ မှိုခြောက်၊ မှိုငံပြာရည် စသောသက်သတ်လွတ်ဟင်းလျာများအပြင် အာဟာရပြည့်ဝသော စားမြိန်ဖွယ်ရာတစ်ခုအဖြစ်လည်း အမျိုးမျိုးစီစဉ်သုံးဆောင်ကြသည်။

ကောက်ရိုးမှိုစိုက်ပျိုးရာတွင်နာမည်အရကောက်ရိုးဟုဆိုသော်လည်း ခြောက်သွေ့သော ဖေဒါရွက်များ၊ ကြံကြိတ်ဖတ်၊ လဲမှို့အူတိုင်၊ ပဲပင်ခြောက်၊ နေကြာပင်များ၊ ဝါစေ့ခွံများ၊ စက္ကူပျော့ဖတ်နှင့် အခြားဆွေးမြည့်လွယ်သော ကုန်ကြမ်းပစ္စည်းများကိုလည်း အသုံးပြုစိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုစိုက်ပျိုးခြင်းသည် နည်းပညာပါသော စိုက်ပျိုးနည်းဖြစ်၍ မျိုး၊ ကုန်ကြမ်း၊ စိုက်ပျိုးပုံ၊ ပြုစုထိန်းသိမ်းခြင်းတို့ကို ရာသီသဘာဝနှင့် မျှတအောင် စီစဉ်နိုင်ရန်အလွန်အရေးကြီးပါသည်။ အထူးသဖြင့် မျိုးကောင်းမျိုးသန့်ဖြစ်ရန်နှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရန်မှာ အခြေခံအကျဆုံးဖြစ်ပါသည်။ မျိုးဆက်များပြားပြီး နာနေသော မှိုမျိုးကို ရှောင်ကြဉ်ပြီး ပေါင်အတွင်း အပူချိန်နှင့်အစိုဓာတ်ကို မျှတအောင် ထိန်းသိမ်းနိုင်ပါက ကောက်ရိုးမှိုကို အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး အကျိုးအမြတ်ရရှိမှာမလွဲကေန်ဖြစ်ပါသည်။ ။

➤ **ကောက်ရိုးမှိုတွင် ဗီတာမင် ဘီ၊ စီနှင့် အခြားသတ္တုဓာတ် ၁၀ မျိုးခန့်ပါဝင်သည်။ ထို့ကြောင့် အခြားသီးနှံများထက် အာဟာရဓာတ်များစွာ ပိုမိုပြည့်ဝ. . .**

➤ **ကောက်ရိုးမှိုစိုက်ပျိုးရာတွင် နာမည်အရ ကောက်ရိုးဟုဆိုသော်လည်း ခြောက်သွေ့သော ဖေဒါရွက်များ၊ကြံကြိတ်ဖတ်၊ လဲမှို့အူတိုင်၊ ပဲပင်ခြောက်၊ နေကြာပင်များ၊ ဝါစေ့ခွံများ၊ စက္ကူပျော့ဖတ်နှင့် အခြားဆွေးမြည့်လွယ်သောကုန်ကြမ်းပစ္စည်းများကိုလည်း အသုံးပြုစိုက်ပျိုးနိုင်. . .**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကွင်းဆင်းဆောင်ရွက်

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် စကုမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသည် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို စက်တင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင် စကုမြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တောင်ရပ်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများအား One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်နေမှုများကို မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စကုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ရပ်ကျောင်းမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**



## ငှက်ဖျားရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဟောပြော

**ငွေဆောင် စက်တင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စု ငွေဆောင်-ပုသိမ်ကားလမ်းဘေးရှိ ၂၃ မိုင်ကျေးရွာ၌ စက်တင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင် ဒေသခံပြည်သူများကျန်းမာရေးအသိပညာတိုးပွားစေရန်နှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးမြင့်သူက ငှက်ဖျားရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ ခြင်မှတစ်ဆင့် ကူးစက်နိုင်သည့် အခြေအနေများ၊ ရောဂါဖြစ်ပွားပါက အချိန်မီ ဆေးကုသမှုခံယူရန်လိုအပ်မှုနှင့် ရောဂါကာကွယ်ရေးအတွက် ခြင်ကိုက်မခံရစေရန် နေထိုင်မှုအလေ့အထများ၊ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ရှင်းလင်းဖယ်ရှားရေးအသိပညာပေးဟောပြောသည်။

ဆက်လက်၍ ငွေဆောင်မြို့ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆုနွယ်မောင်က ငှက်ဖျားရောဂါနှင့်ပတ်သက်၍ သိထားသင့်သည့်အချက်များအား ပြောကြားပြီး ငွေဆောင်မြို့အုပ်ချုပ်ရေးမှူးက ငှက်ဖျားရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများမဖြစ်ပွားစေရေးအတွက် မိမိတို့နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရန်၊ ခြင်ပေါက်ပွားနိုင်သည့်နေရာများကို စနစ်တကျ ရှင်းလင်းဖယ်ရှားကြရန်နှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဟောပြောပွဲသို့ တက်ရောက်လာသူများအား ငှက်ဖျားရောဂါပိုး ရှိ၊ မရှိ ဆေးစစ်ပေးပြီး ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၂၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျောက်ကြီးမြို့နယ်၌ ကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၁၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပသည်။




အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ကြီး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံရှေးဦးပြုစုခြင်း လက်တွေ့သရုပ်ပြသခြင်းကို နည်းပြ ဦးရီဝင်းက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ကျောက်ကြီးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဘုန်းက ရှေးဦးပြုစုခြင်းဆိုင်ရာ ဆေးပစ္စည်းအိတ်အား အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုလှိုင်ထံ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းဖွင့်လှစ်

**ဝေါ စက်တင်ဘာ ၁၃**

ကျေးလက်ဒေသများ၌ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းကို စက်တင်ဘာလ ၁၂ ရက်က အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်း၊ ဝေါမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဝါးတော)၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဖွင့်

**မြဝတီ စက်တင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ(ဝါးတော)၌ စက်တင်ဘာလ ၁၂ ရက်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဝါးတော) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသက်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဝါးတော)မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲစတင်ရန် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အဖွင့်ဘောလုံးအား ကစားကွင်းအတွင်း ကန်သွင်းပေးခဲ့ပြီး ဘောလုံးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြသည်။



အခြေခံပညာ အထက်တန်းကျောင်းခွဲ(ဝါးတော)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# သာစည်မြို့နယ် မရွှေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မရွှေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မရွှေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၂ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မရွှေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးအတွက် ငွေကျပ် ၂၇ ဒသမ ၀၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ကိုးသန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၅၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးအတွက် ငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ်၌ ဒေသထွက်ပျားလိမ္မော်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ စက်တင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် သစ်သီးစုံရောင်းဝယ်ရေးဈေးကွက်တွင် ပျားလိမ္မော်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ သစ်သီးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဌေး၏ပြောဆိုချက်အရ သိရသည်။

ဟသ်ာတမြို့နယ်၌ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်၍ ပျားလိမ္မော်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ပျားလိမ္မော်အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

“ပျားလိမ္မော်သီးတွေက ဝယ်လိုအားများနေတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ အခုအရောင်းအဝယ်ဖြစ်နေတဲ့ ပျားလိမ္မော်သီးတွေက ပြည်တွင်းမှာ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားတဲ့ ပျားလိမ္မော်သီးတွေပါ”ဟု ဒေါ်ဝင်းဌေးကပြောသည်။

ဟသ်ာတမြို့နယ်၌ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးသည့် ပျားလိမ္မော်သီးများ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါပျားလိမ္မော်သီးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် စိုက်ပျိုးသူများ၊ သယ်ယူတင်ပို့ရောင်းချသူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၁၂ ရက်က အမှတ်(၈) ရပ်ကွက် နဝရတ်လမ်းဘေးရှိ အစားအသောက်နှင့်သား၊ ငါးရောင်းချသည့်နေရာများ၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ စားသောက်ဆိုင်များ၊ အသား၊ ငါးဆိုင်များအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်နိုင်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ခြင်း စသည့်ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အဆိုပါဈေးဆိုင်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်း



**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်းခြင်းနှင့် အင်ဂျင်နီယာကောင်စီဝင်များအား ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးအေးမြင့်၊ ဒေါက်တာညီလှငယ်၊ ဒေါက်တာဝင်းမြင့်နှင့် ဦးဟံစိန်တို့ဖြင့် နာယကအဖွဲ့ အသစ်ဖွဲ့စည်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ်ကျင်းပသည့် နာယကအဖွဲ့အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကအဖွဲ့က အင်ဂျင်နီယာကောင်စီအဖွဲ့ဝင် ၆၀ ကို အတည်ပြုရွေးချယ်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆက်လက်ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အင်ဂျင်နီယာပညာရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

အလားတူ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတတ်ရေးအတွက် MSME လုပ်ငန်းများကို ဦးစားပေးအလိုက်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အင်ဂျင်နီယာကောင်စီနာယကများဖြစ်သော ဦးအေးမြင့်၊ ဒေါက်တာညီလှငယ်၊ ဒေါက်တာဝင်းမြင့်နှင့် ဦးဟံစိန်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာပညာရပ် အသိုက်အဝန်း၏ တိုးတက်ရာ တိုးတက်ကြောင်း ဆက်လက်အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးပြီး တက်ရောက်လာသော နာယကအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်၆၀ကိုစိစစ်၍အတည်ပြုရွေးချယ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဆိပ်ကြီးခနောင်တို (တွံတေးတူးမြောင်း) တံတားစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ တံတားကြီးနှင့်အတူ မြို့ပြဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများ ကောင်းမွန်စေရေးဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆိပ်ကြီးခနောင်တို(တွံတေးတူးမြောင်း)တံတားသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နှင့်ဆိပ်ကြီးခနောင်တိုမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအရှည် ၂၄၂၈ ပေ၊ တံတားအပေါ်ထည် သံမဏိသံပေါင်တံတားဖြစ်ကာ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် အင်းစိန်မြို့နယ် တညင်းကုန်းဘူတာအနီး ရန်ကုန်-ပြည်ရထားလမ်းနှင့်ခရေပင်လမ်းဆုံရှိ မီးရထားခုံးကျော်တံတားတည်ဆောက်ရန်ဆောင်ရွက်နေသည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့က ယခုခုံးကျော်တံတားကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ယာဉ်အန္တရာယ်ကင်းရှင်းပြီး ယာဉ်ကြောပိတ်ဆို့မှုလည်း လျော့နည်းသက်သာစေရန် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တညင်းကုန်းဈေးအတွင်း ဝင်ရောက်မည့် ကုန်ကားကြီးများ အဆင်ပြေစွာ သွားလာနိုင်စေရေး ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်း၍ တံတားတည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု အဆင်ပြေ ချောမွေ့စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တညင်းကုန်းဘူတာအနီးမီးရထားလမ်းဆုံနေရာသည် ရန်ကုန်-ပြည်ရထားနှင့်ရန်ကုန်မြို့ပတ်ရထားများ နေ့စဉ် အစုန်၊ အဆန် ၂၃ ကြိမ်ခန့် ဖြတ်သန်းသွားလာလျက်ရှိသည့်အတွက်တံတားတည်ဆောက်ပြီးစီးသွားပါက ပြည်သူများအနေဖြင့် သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေပြီး ယာဉ်ကြောပိတ်ဆို့မှုများကိုယခုထက်ပိုမိုဖြေလျော့ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး လုပ်ငန်းများဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေန်တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးအတွက် ရေဝင်ပေါက်တစ်လျှောက်ကြမ်းပြင်မြင့်တက်စေရန် Geo Bag၊ Geo Tube များကို စက်ရေယာဉ်ဖြင့်ချခြင်း၊ Sheet Pile ရိုက်ပြီးသည့် အပိုင်းအားခိုင်ခံ့မှုမြင့်တင်ရန် မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်းတို့တွင် ကရိန်းဖြင့် Geo Bag, Jumbo Bag, Geo Tube ကျောက်ခြင်းချခြင်း၊ သဲအိတ်တွဲများချခြင်း၊ ကမ်းရင်းတာနှင့် Sheet Pile ကြားတွင် သဲမှုတ်ဖြည့်ခြင်း၊ Sheet Pile ၏ ဒေါက်တန်းနှင့် ဒေါက်တိုင်များဆောင်ရွက်ခြင်းလုပ်ငန်းများပူးပေါင်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာတွင် ဧရာဝတီတိုင်းဒေသကြီးလေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဝိသာခါဖောင်ဒေးရှင်းမှ ဆန်၊ ဆီ၊ ဆပ်ပြာ၊ တာပေါ်လင်မိုးကာ၊ လက်ဖက်နှင့် အိမ်သုံးပစ္စည်းများကိုလည်းကောင်း၊ ဦးထွန်းသိန်း-ဒေါ်စန်းရီ စက်သုံးဆီရောင်းဝယ်ရေးနှင့်မြန်မာထမင်းဆိုင်မိသားစုက အလှူငွေကျပ် သိန်း ၅၀၀ ကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘောလခဲမြို့နေပြည်သူများအား သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအသိပညာပေး ဆွေးနွေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်(အခမဲ့)ပေးအပ်




**ဘောလခဲ စက်တင်ဘာ ၁၃**

ကယားပြည်နယ်ဘောလခဲခရိုင် ဘောလခဲမြို့နယ်အတွင်း နေထိုင်ကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူများအား ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးမှုနှင့် ဖျားနာမှုနှုန်းကို လျှော့ချရန်နှင့် ရပ်ရွာလူထုအတွင်း ရောဂါကာကွယ်ရေးအလေ့အထကောင်းများ တိုးတက်လာစေရန်ရည်ရွယ်၍ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဆွေးနွေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်(အခမဲ့) ဖြန့်ဝေပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘောလခဲမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘောလခဲခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘောလခဲမြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူးအဆင့်(၃)ဦးအောင်သန်းက သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဆွေးနွေးခြင်းနှင့်ဆေးစိမ်ခြင်ထောင်အသုံးပြုပုံအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းသည်။

ဆက်လက်၍ဆေးစိမ်ခြင်ထောင်များအား ပြည်သူများထံပေးအပ်ရာတွင် ဘောလခဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ပေးအပ်ရာ ရှမ်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်က လက်ခံရယူခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်မောင်မောင်ဦးက ပေးအပ်ရာ ကယားပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစရိုင်းက လက်ခံရယူခဲ့သည်။ ကျန်ရှိသော ဆေးစိမ်ခြင်ထောင်များအား ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များက အသီးသီးဆက်လက်ပေးအပ်ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဆွေးနွေးခြင်းနှင့် ဆေးစိမ်ခြင်ထောင် (အခမဲ့)ပေးအပ်ခြင်း အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရှမ်းပိုင်းရပ်ကွက်နှင့် ကယားပိုင်းရပ်ကွက်ရှိ မြို့နေပြည်သူများအား ဆေးစိမ်ခြင်ထောင်အလုံး၃၀၀ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်လင်း**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဝေန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

◆ **ရှေ့ဖုံးမှအဆက်**

ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

➪ **ကျောဖုံးမှအဆက်**

ရှမ်းယူနိုက်တက်နှင့်လာအိုကလပ် အီဇရာအသင်းတို့သည် ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲဒုတိယအကျော့အဖြစ် စက်တင်ဘာလ ၁၄ ရက် ည ၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)သည် ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် မြန်မာကလပ်ရှမ်းယူနိုက်တက်နှင့် လာအိုကလပ် အီဇရာ၊ ဖိလစ်ပိုင်ကလပ်မနီလာဒစ်ဂါနှင့်ဘာရူနိုင်းကလပ်ကာဆူကအသင်းတို့ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ယှဉ်ပြိုင်ကစားစေပြီး ခြေစစ်ပွဲအောင်အသင်း နှစ်သင်းသည် အုပ်စုအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ခြေစစ်ပွဲနှစ်ကျော့စလုံးကို အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်း ၁၄ သင်းပါဝင်ပြီး ခုနစ်သင်း နှစ်အုပ်စုခွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ဖောင်းပြင်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား/ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများကအောင်ပြေခက်ကမ်း၍လည်းကောင်း၊ ပန်းဖွားအကအလှဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက်နံနက်ပိုင်းမှစ၍ အလျား (၃၀၀) ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

➨ **MNL U 20 မှအဆက်**

ပထမပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများဂိုးသွင်းခွင့်အခွင့်အရေးများ ကိုယ်စီရခဲ့ကြသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ကြပေ။

ဒုတိယပိုင်းတွင် ရန်ကုန်စီးတီးအသင်း၏တိုက်စစ်ကို စစ်ကိုင်းယူနိုက်တက်အသင်း အကောင်းဆုံးခုခံကာကွယ်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၅၀ တွင် စိုးသီဟဇော်၏ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရသည်။

ဦးဆောင်ဂိုးရရှိပြီးနောက်ပိုင်း ရန်ကုန်စီးတီးအသင်းက ဆက်တိုက်ဆိုသလို ဖိအားပေးတိုက်စစ်ဆင်ကစားလာခဲ့သည်။ ဂိုးရေိယာပြင်ပက တိုက်ရိုက်ကန်သွင်းမှုများ၊ ဂိုးရေိယာအတွင်း အပေးအယူအချိတ်အဆက်မိမိဖြင့်ဂိုးရရှိရန် ကြိုးစားသည့် ရန်ကုန်စီးတီးအသင်းကို စစ်ကိုင်းယူနိုက်တက်ဂိုးသမား ရှိုင်းလင်းအောင်က အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပြီးခါနီးပွဲကစားချိန် ၉၀+၃ မိနစ်တွင် ထက်အာကာဝင်း၏ ဒုတိယဦးဆောင်ဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရ၍ ပွဲအပြီးတွင် ရန်ကုန်စီးတီးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းကို အနိုင်ရရှိသွားကြောင်း သိရသည်။

ဝန်းရံခ

# အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၃

ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်) တွင် ကျောက်ကပ်သွေး သန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်များအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဆေးရုံ(ထန်းတပင်)အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်လက်ခံပြီး စက်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုသည်။



လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားနာတာရှည်ကျောက်ကပ်ရောဂါလူနာများအတွက် ကျောက်ကပ်သွေးသန့်စင်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်းကို အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်တို့တွင်စတင်ဆောင်ရွက်ခဲ့ပြီး အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက်လေးလုံးဖြင့် တစ်လပျှမ်းမျှလူနာဦးရေ ၂၆ ဦး အကြိမ်ရေ ၁၃၀ ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်လျက်ရှိရာ လူနာတစ်ဦးလျှင် တစ်ပတ်တစ်ကြိမ်သာ ကျောက်ကပ်သွေးသန့်စင်ပေးနိုင်သဖြင့် အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များတပ်ဆင်၍ တိုးချဲ့ဝန်ဆောင်မှုပေးခြင်းဖြင့် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ရှိ စက်မှုဇုန်များမှအာမခံအလုပ်သမားလူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ သွားရောက်ဆေးကုသရန် မလိုအပ်တော့ဘဲ အလုပ်သမားဆေးရုံ (ထန်းတပင်) တွင် အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်မည်ဖြစ်သည်။

အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ဝန်ဆောင်မှုစတင်ဆောင်ရွက်ချိန်မှ ၈/၂၀၂၄ လထိ အာမခံအလုပ်သမားလူနာ ၅၃၀၊ ဆေးကြောသည့်အကြိမ်ရေ ၃၀၄၅ ကြိမ်နှင့် အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင် အာမခံအလုပ်သမားလူနာ ၃၀၈ ဦး၊ ဆေးကြောသည့်အကြိမ်ရေ ၂၅၄၂ ကြိမ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ လုပ်သားအင်အား ၄၄၄၃ ဦးဖြင့် လုပ်ကိုင်နေသည့် Wan He Garment Factory Co., Ltd.(သိုးမွေးစက်ရုံ) သို့ သွားရောက်၍ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများနှင့်တွေ့ဆုံ၍ အထည်အော်ဒါနည်းပါးမှုကြောင့် အင်အားလျှော့ချခဲ့သည့် အလုပ်သမား ၁၉၄ ဦးကို အနီးပတ်ဝန်းကျင်ရှိ စက်ရုံများတွင် အခက်အခဲမရှိ အလုပ်ရရှိစေရေး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မှော်ဘီမြို့နယ်အတွင်းရှိ အခြားအထည်ချုပ်စက်ရုံ ၁၄ ရုံတွင် အလုပ်ခေါ်စာအရ လုပ်သားအင်အား ၃၀၀၀ ကျော် လိုအပ်နေပြီး စက်ရုံများမှ အလုပ်ပိတ်သိမ်းမှုများဖြစ်ပေါ်လာပါက အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့်ကူညီချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# Shwe Nayar Moonsoon Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယနေ့)နှင့် ဆုချီးမြှင့်ပွဲကျင်းပ




နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) မှ ကြီးမှူးကျင်းပ၍ Shwe Nayar Co., Ltd. မှအဓိကကူညီပံ့ပိုးသော Shwe Nayar Moonsoon Junior Open မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ Junior Golf Myanmar (JGM)မှတာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကွင်းမှ တာဝန်ရှိသူများ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအားကျင်းပရာ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်မှ ပြိုင်ပွဲအား လက်ခံကျင်းပပေးပါသော ရန်ကုန်ဂေါက်ကွင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေမှ လည်းကောင်း၊ ပြိုင်ပွဲနောက်ဆုံးနေ့ အကောင်းဆုံးရိုက်ချက်ဆုရရှိသွားသော ချိုသာအောင်တို့အား ပေးအပ်သည်။

ထို့နောက် Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးခန့်ဇော်မှ အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ပဉ္စမဆုရရှိသော ကျော်လင်းထွန်း၊ စုစုပေါင်းရိုက်ချက် ၂၇၁ ချက်ဖြင့် စတုတ္ထဆုရရှိသော ရှင်းခန့်ဇော်၊ စုစုပေါင်းရိုက်ချက် ၂၆၈ ချက်ဖြင့် တတိယဆုရရှိသော ကောင်းခန့်ဇော်အား လည်းကောင်း၊ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေမှ စုစုပေါင်းရိုက်ချက် ၂၆၃ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ စုစုပေါင်းရိုက်ချက် ၂၅၅ ချက်ဖြင့် ပထမဆုရရှိသော ဘုန်းမြတ်သော်တို့အား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ပြီး၊ Pyin Oo Lwin Golf Driving Range မှ ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် ပထမဆုရရှိသော ဘုန်းမြတ်သော်အား ဂုဏ်ပြုငွေ ၁၅ သိန်းကို Pyin Oo Lwin Golf Driving Range မှ ဦးလှမျိုးမှ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ယုဥ်ယုဥ်လတ်မှ အသက် ၁၈ နှစ်အောက် (အမျိုးသမီး)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၃၀၀ ချက်ဖြင့် ပဉ္စမဆုရရှိသော ချစ်ခွန်းသီအောင်၊ စုစုပေါင်းရိုက်ချက် ၂၈၅ချက်ဖြင့် စတုတ္ထဆုရရှိသော မိုးမခကျော်သူ၊ စုစုပေါင်းရိုက်ချက် ၂၄၅ ချက်ဖြင့် တတိယဆုရရှိသော Choi Hui၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်မှ စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကိုလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်မှ ၁၄ နှစ်အောက် (အမျိုးသား)သက်တမ်းတွင်စုစုပေါင်းရိုက်ချက် ၃၁၁ ချက်ဖြင့် ပဉ္စမဆုရရှိသော Kai Agustin Tamer Akinci၊ စုစုပေါင်းရိုက်ချက် ၂၉၈ ချက်ဖြင့် စတုတ္ထဆုရရှိသော အောင်ဇေဘုန်းခန့်၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် တတိယဆုရရှိသောကျော်ပုညကိုကိုအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယဆုရရှိသော ခန့်သူရနိုင်၊ စုစုပေါင်းရိုက်ချက် ၂၄၆ ချက်ဖြင့် ပထမဆုရရှိသော ဝေယံလင်းဦးတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းမှ ၁၈ နှစ်အမျိုးသားသက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၄၈ ချက်ဖြင့် ပဉ္စမဆုရရှိသော ရဲရင့်လွင်၊ စုစုပေါင်းရိုက်ချက် ၂၄၄ ချက်ဖြင့် စတုတ္ထဆုရရှိသော ပြည့်စုံအောင်၊ စုစုပေါင်းရိုက်ချက် ၂၄၄ ချက်ဖြင့် တတိယဆုရရှိသော လင်းပြည့်မောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်မှ စုစုပေါင်းရိုက်ချက် ၂၃၇ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၂၂၇ ချက်ဖြင့် ပထမဆုရရှိသော ခန့်ဘုန်းလျှန်တို့အားလည်းကောင်း အသီးသီး ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို Wave သောက်ရေသန့်နှင့် Royal D အားပြည့်အချိုရည်တို့မှလည်း ထပ်မံပံ့ပိုးကူညီပေးကြောင်း သိရသည်။

မြဝတီ

၁ ကျောဖုံးမှအဆက်

စက်တင်ဘာလ ၁၄ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ နန်ဂိုင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် အဆိုပါအာရှအားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် အသင်းနည်းပြသစ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်က အပြီးသတ်ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားပြီး ဂိုးသမားတွင် အိစန္ဒာဇော်၊ မျိုးမြတ်မြင့်မိုး၊ ဖူးလတ်နန္ဒီ၊ နောက်တန်းတွင် မေသက်မွန်မြင့်၊ ဇွန်ယုယဦး၊ လင်းလဲ့ဦး၊ သန့်သန့်နွယ်၊ ယုယုနိုင်၊ ခင်မျိုးသန္တာထွန်း၊ ဖွန့်သဲဦး၊ ကွင်းလယ်တွင် ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဝင်းဝင်း၊ ဇင်မာထွေး၊ ခင်မာလာထွန်း၊ ရှုပါခိုင်၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်း၊ ဒေဗီအောင်နှင့်ရှေ့တန်းတွင် စုစုကြည်၊ မေထက်လှူမြတ်နိုးခင်၊ ဝင်းသီရိထွန်းတို့ပါဝင်သည်။

၂၀၂၄ အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် လေးသင်းသုံးအုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(A)တွင် အိမ်ရှင်ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်နှင့် ထိုင်း၊ အုပ်စု(B)တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အုပ်စု(C)တွင် တရုတ်၊ ဖိလစ်ပိုင်၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်တို့ ပါဝင်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရအသင်းနှစ်သင်းစီနှင့်တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် စက်တင်ဘာလ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာလ ၁၇ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြောက်ကိုရီးယားအသင်း၊ စက်တင်ဘာလ ၂၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းအနေဖြင့် အုပ်စုတွင်းပွဲစဉ်များ၌ အာရှအမျိုးသမီးဘောလုံးအင်အားကြီး တောင်ကိုရီးယား၊ မြောက်ကိုရီးယားအသင်းများကို အနိုင်ကစားရန် ခက်ခဲနိုင်သော်လည်း အုပ်စုတတိယနေရာအတွက် ဘင်္ဂလားဒေ့ရှ်အမျိုးသမီးအသင်းကို အနိုင်ရအောင် ကစားရမည်ဖြစ်သည်။ တောင်ကိုရီးယား၊ မြောက်ကိုရီးယားအသင်းတို့နှင့်ပွဲတို့တွင် ဂိုးပြတ်ရှုံးနိမ့်မှုမရှိဘဲ အုပ်စုနောက်ဆုံးပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့် တက်ရောက်နိုင်မည့်အခွင့်အရေးများရှိကြောင်း သိရသည်။

ဝန်းရံ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၁၃**


ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင်အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများစုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်းတိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

(မိုး/ဇလ)

ပုံ(၁)မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂) ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်းရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်းရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၇ | ၁၇ | လှိုင်ကော် | ၆.၆ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ | ၁၈ | စစ်တွေ | ၆.၈ |
| ၃ | လားရှိုး | ၆.၈ | ၁၉ | ပြည် | ၆.၅ |
| ၄ | တောင်ကြီး | ၇.၀ | ၂၀ | ပဲခူး | ၆.၆ |
| ၅ | မိုင်းဆတ် | ၆.၇ | ၂၁ | တောင်ငူ | ၆.၅ |
| ၆ | ကျိုင်းတုံ | ၆.၇ | ၂၂ | ပုသိမ် | ၆.၅ |
| ၇ | စစ်ကိုင်း | ၆.၉ | ၂၃ | မအူပင် | ၆.၇ |
| ၈ | ညောင်ဦး | ၆.၅ | ၂၄ | ဟသ်ာတ | ၆.၆ |
| ၉ | မုံရွာ | ၆.၈ | ၂၅ | မော်လမြိုင် | ၆.၆ |
| ၁၀ | ပျဉ်းမနား | ၆.၆ | ၂၆ | ဘီးလင်း | ၆.၅ |
| ၁၁ | ပြင်ဦးလွင် | ၆.၆ | ၂၇ | ဘားအံ | ၆.၆ |
| ၁၂ | ကလေးဝ | ၆.၅ | ၂၈ | ကော့ကရိတ် | ၆.၈ |
| ၁၃ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ | ၂၉ | ထားဝယ် | ၆.၅ |
| ၁၄ | မှော်ဘီ | ၆.၇ | ၃၀ | မြိတ် | ၆.၇ |
| ၁၅ | မကွေး | ၆.၆ | ၃၁ | ကော့သောင်း | ၆.၅ |
| ၁၆ | အောင်လံ | ၆.၆ | | | |


# ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၁၃**


ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ(µm)နှင့်အောက်သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီစောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဩဂုတ်လအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်၊ အသင့်အတင့်အဆင့်၌ ၄ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ရှိနေကြောင်းသုံးသပ်တွေ့ရှိရပါသည်။


(မိုး/ဇလ)





ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာလေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာလေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း($O_3$)ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

MYAWADY IN ENGLISH DAILY EDITION

# News release: Arrest and legal action taken against ring leaders (senior agents) of illegal online gambling operations

**NAY PYI TAW September 13**

While the Government prioritizes national peace and stability, the rule of law, and domestic economic stability, certain unscrupulous individuals have established online gambling websites, advertised them on social media platforms, and provided illicit services to facilitate online gambling, leading some members of the public to participate. Engaging in such gambling activities has caused financial losses, moral decay, secondary crimes, and even suicides, negatively impacting the socio-economic lives of the public.

To entice more people to gamble online, operators established tiered agent levels to manage operations, recruit users, and expand their gambling networks. Consequently, authorities focused efforts on apprehending the primary high-level agents orchestrating these operations. Following tip-offs from civic-minded citizens, security personnel carried out targeted operations across multiple locations. On September 2, 2026, Phyo Theingi, a Senior Agent of the "Ibet 789" platform, was arrested at Yangon International Airport in possession of two mobile phones. On the same day, Senior Agent Hnin Wutyi Kyaw, along with three accomplices, was apprehended at House No. 670, Ward (5), PyinOo-Lwin, Mandalay Region, where authorities seized eight mobile phones, one laptop, one tablet, and one vehicle. The crackdown continued on September 4, leading to the arrest of Senior Agent Kyaw Soe Lin at the Mandarin Hotel in Yay Oak Kan Ward, Hlaingthaya Township, along with two mobile phones and two vehicles. Additionally, Senior Agent Yin Yin Nu was arrested at No. 66/A, Lan Thit (1) Street, Anawmar (1) Ward, Thakayta Township, with one mobile phone seized.



Phyo Theingi, 31, daughter of U Kyi Min

**Record photo of arrested online gambling Senior Agent Phyo Theingi.**



Kyaw Soe Lin, 46, son of U Aung Than



Yin Yin Nu, 49, daughter of U Mya Thein (Deceased)

**Record photo of arrested online gambling Senior Agents Kyaw Soe Lin and Yin Yin Nu.**



**Hnin Wutyi Kyaw**



**Kaung Khant Nyi**



**Chit Hnin Wai**



**Zin Nyein Thu**

**Record photo of arrested online gambling Senior Agent Hnin Wutyi Kyaw and three suspects.**

According to confessions obtained from the suspects, Phyo Theingi had worked as an online gambling agent since 2023 across the "Ibet 789", "555 Mix", and "Sports Xzone" websites. Hnin Wutyi Kyaw had served as an agent for "Ibet 789" since 2022, assisted by Kaung Khant Nyi, Chit Hnin Wai, and Zin Nyein Thu. Kyaw Soe Lin started working as an "Ibet 789" agent in 2021 before expanding his operations to include "Sport 899" and "555 Mix" in 2024, while his wife, Yin Yin Nu, had also been operating as a Senior Agent since 2023.

In total, seven suspects—two males and five females—were apprehended along side 13 mobile phones, one laptop, one tablet, and three vehicles used in the operations. Legal proceedings are underway to take effective action against the perpetrators. Authorities will continue investigations to dismantle remaining networks and arrest other agent ringleaders, urging members of the public to report any information regarding online gambling agents confidentially to relevant security agencies. **100**

# Salingyi Township sees completion of growing more than 1,000 acres of pigeon pea this year

**SALINGYI September 13**

Based on agricultural data compiled by Salingyi Township Agriculture Department of Sagaing Region, local farmers have planted more than 1,000 acres of pigeon pea as monsoon crops in the township.

During the 2026-2027 monsoon crop season, local authorities of Salingyi Township earmarked to cultivate 30,805 acres of pigeon pea. Cultivation began in May this year, and 1,500 acres have been planted so far.

“This year’s monsoon crop season, Salingyi Township has planned to cultivate more than 30,000 acres of pigeon pea. More than 1,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. We are also providing assistance to achieve good yields from pigeon pea cultivation. Farmers cultivate pigeon pea as a sole crop as well as a mixed crop,” said U Wai Lin Tun, Head of the Township Agriculture Department in Salingyi Township.

The Township Agriculture Department in Salingyi Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields.

The Township Agriculture Department in Salingyi Township is also disseminating technologies on the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pests, and promote better plant growth.

**SMK**

# Mawlamyinegyun Township supplies young areca to Yangon market



**MAWLAMYINEGYUN September 13**

Daw Kyi Htay, the owner of areca trading wholesale in Mawlamyinegyun Township of Ayeyawady Region, said that local businesspeople sold a large volume of areca nut to Yangon market.

Mawlamyinegyun Township exported 66,000 viss of young areca to the Yangon market. The increase in shipments of young areca was due to strong domestic market demand, according to reports.

"More young areca from Mawlamyinegyun Township in Ayeyawady Region were exported to the Yangon market in July. We had to send larger volumes to Yangon because orders for young areca increased. At present, the price of young areca has reached Ks-13,500 per viss. As areca trading is currently active, those engaged in areca cultivation are able to operate their businesses smoothly," said Daw Kyi Htay.

Traders purchase young areca produced in Mawlamyinegyun Township by visiting areca plantations, selecting and packaging the nuts systematically, and transporting them to the Yangon market. From the Yangon market, the nuts are further exported to overseas markets.

Previously, the areca trade mainly consisted of two markets—green areca and ripe areca. However, at present, young areca nuts have also become a commercially traded product, allowing growers to sell them without having to wait until the nuts fully mature.

**SMK**

# More than 10,000 acres of croplands placed under pigeon pea in Kyunhla Township



**KYUNHLA September 13**

Kyunhla Township Agriculture Department stated that local farmers planted 11,512 acres of pigeon pea as monsoon crops in Kyunhla Township of Sagaing Region this year.

Local farmers planted 11,512 acres of pigeon pea in 2026-2027 monsoon cultivation season from May to date against the target of 11,540 acres of crops earmarked by local authorities.

“During this year’s monsoon crop cultivation season, 11,540 acres of pigeon pea were planned for cultivation in Kyunhla Township, and 11,512 acres have already been planted. We are making efforts to ensure that the cultivation target is fully met. We are also providing assistance to ensure good yields of pigeon pea. Farmers grow pigeon pea both as a standalone crop and as an intercropped or relay crop,” said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

It is reported that this year, the Kyunhla Township Agriculture Department is conducting field-based awareness activities for pigeon pea farmers on selecting and using quality and pure seeds, following proper cultivation methods, preventing pest infestations, and achieving good yields.

The Township Agriculture Department in Kyunhla Township is also disseminating techniques for using a combination of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. It is reported that the use of urea and borax can reduce cultivation costs, help protect plants from pest infestations, and promote healthy plant growth.

**SMK**

# All sown acreage of summer paddy harvested in Shwebo Township

**SHWEBO September 13**

Local farmers have reaped all plantations of summer paddy in Shwebo Township of Sagaing Region this year, according to the township Agriculture Department.

During this year's summer cropping season, Shwebo Township cultivated 27,003 acres of summer paddy. Harvesting of the crop began in June, and as of today, harvesting has been completed on 100 percent of the cultivated area, with an average yield of 87.48 baskets per acre, according to reports.

"During this year's summer cropping season, Shwebo Township cultivated 27,003 acres of summer paddy. At present, harvesting has been completed on all of the cultivated acreage. We have provided summer paddy farmers with agricultural technical assistance, raised awareness on pest prevention and control, advised them on measures to minimize crop losses, and encouraged them to move harvested paddy under shelter in a timely manner," said U Hsan Oo, Head of the Shwebo Township Department of Agriculture.

To help increase per-acre productivity and achieve the target yield, the Township Department of Agriculture supported summer paddy farmers by distributing quality certified seed, providing agricultural extension pamphlets, organizing farmer training courses and educational workshops, and ensuring the timely availability of the necessary agricultural inputs.

Local farmers have been advised to cooperate with the Agriculture Department to make preparations on prevention of pests, fulfilment of fertile soil and collection of quality seeds of crops to be able to grow summer paddy and other crops in time.

**SK**

# KhinU Township sees completion of growing more than 1,000 acres of monsoon crops

**KHINU September 13**

According to the Township Department of Agriculture, local farmers planted more than 1,000 acres of monsoon crops in KhinU Township of Sagaing Region this year.

In 2026-2027 monsoon cultivation season, local authorities in KhinU Township earmarked cultivation of more than 100,000 acres of monsoon crops in KhinU Township but local farmers planted more than 1,052 acres of crops against the target cultivation from June to date.

“During this year’s monsoon crop cultivation season, a target has been set to grow 100,000 acres of rainfed paddy in KhinU Township. As of today, more than 1,000 acres have already been planted. We are making efforts to ensure that the cultivation target is fully met. We are providing the necessary agricultural technologies and quality seeds for monsoon paddy cultivation. We are also conducting field visits to assist farmers so that they can plant monsoon paddy on time,” said U Nay Win Naing, Head of the KhinU Township Agriculture Department.

It is reported that the relevant Township Agriculture Department and local farmers are cooperating to ensure that monsoon paddy is systematically cultivated without difficulties during this year’s monsoon crop cultivation season.

In KhinU Township, agricultural technology training is being provided to monsoon paddy farmers, along with awareness-raising on pest prevention, measures to minimize crop damage and losses, and the timely storage of harvested paddy under shelter.

To ensure the successful growth and good yields of the monsoon paddy fields cultivated in KhinU Township this year, staff from the Township Agriculture Department are conducting field activities and providing agricultural technology guidance, including the selection and use of quality and pure seeds, pest surveillance, soil stirring and weeding, removal of off-type plants, and systematic application of fertilizers.

**SK**

# Modi and Xi volunteer mediation efforts on Ukraine to Putin



**MOSCOW September 13**

Indian Prime Minister Narendra Modi and Chinese President Xi Jinping, during their contacts with Russian President Vladimir Putin on the sidelines of the BRICS summit, actively offered their services to help resolve the Ukraine issue, Kremlin spokesman Dmitry Peskov said.

"During their bilateral meetings, Modi and Xi took a keen interest in the Ukraine settlement and actively offered their good offices to help find a solution," Peskov said.

Putin welcomed this readiness and gave Modi and Xi detailed information on the situation regarding Ukraine, Peskov added.

**Sputnik**

# BRICS advocates for all countries to have equal opportunities for growth - Putin

**NEW DELHI September 13**

BRICS advocates for all countries to have equal and unrestricted opportunities for economic and social growth while preserving their unique national cultures and traditions, Russian President Vladimir Putin said on Sunday.

"The BRICS association has always advocated and continues to advocate for all countries, without exception, to have equal and unrestricted opportunities for steady and balanced economic and social growth and for ensuring the well-being of their populations, while simultaneously preserving their unique national cultures and traditions and adhering to their own sovereign development models," Putin said at the BRICS+ session as part of the summit.

The Russian leader arrived in New Delhi on Friday for a three-day working visit to attend the BRICS summit, which is taking place in the Indian capital on September 12–13. The BRICS+ session concludes the forum's working agenda.

**Sputnik**

# At least 6 dead in Indonesia passenger vessel accident, with 130 missing

**JAKARTA September 13**

At least six people have died after a passenger vessel lost contact in Indonesia's Java Sea, while 130 remain missing and 107 others have been rescued, the country's National Search and Rescue Agency said Sunday.

Indonesian Minister of Transportation Dudy Purwagandhi said at a press conference later Sunday afternoon that, based on observations by a helicopter crew, the vessel had capsized but had not sunk. The cause of the accident remains under investigation.

The country's search and rescue agency had earlier said that the vessel had sunk.

The Chinese Consulate General in Surabaya confirmed to Xinhua that there were no Chinese nationals aboard the ship, citing information verified with relevant authorities of the Surabaya city government.

The passenger ship, Virgo Transport 8, was carrying 243 people when it lost contact at around 2:00 a.m. local time on Sunday after encountering bad weather, according to the search and rescue agency.

The vessel had departed from Surabaya in East Java province on Saturday and was heading to Banjarmasin in South Kalimantan province.

The cause of the accident remains unclear. Indonesian search and rescue authorities have deployed personnel, ships and a helicopter to waters near the vessel's last known position to conduct search and rescue operations.

Indonesia, an archipelagic country with around 17,000 islands, relies heavily on ferries and other forms of sea transportation to connect its islands and facilitate travel. Maritime accidents occur from time to time due to factors including weather conditions, sea conditions and vessel safety.

**Xinhua**

# Protests reported in Syria amid fuel price hikes

**DAMASCUS September 13**

Protests and transport disruptions were reported in parts of Syria on Sunday following sharp increases in fuel prices, which authorities attributed to rising international costs, heavy dependence on imports and the shutdown of a major refinery for maintenance.

The Britain-based Syrian Observatory for Human Rights reported protests, road blockages and a strike by some public transport drivers in several areas, particularly in the northeastern provinces of Hasakah and Deir al-Zour. Demonstrations and road disruptions were also reported in parts of Raqqa province.

The protests came hours after new temporary prices took effect at midnight, with diesel recording the steepest increase.

Under the new pricing bulletin, diesel rose 40 percent from 125 new Syrian pounds (about 1.03 U.S. dollars) to 175 pounds per liter. The price of 95-octane gasoline increased 28.3 percent to 195 pounds per liter, while 90-octane gasoline climbed 25.9 percent to 185 pounds.

Abdul Hamid Sallat, a media official with Syria's energy authorities, told the state-run Syrian Arab News Agency on Sunday that the authorities recognized that the increases would place an additional burden on Syrians already struggling with difficult living conditions and low incomes.

However, he said Syria's heavy reliance on imported energy products meant domestic prices could not be insulated from international market fluctuations.

**Xinhua**

# Wildfire forces evacuation of more than 200 on Croatian island of Brac



**ZAGREB September 13**

A large wildfire burning on the Croatian island of Brac for days has spread toward villages and tourist facilities overnight, prompting the evacuation of more than 200 people, local media reported Sunday.

Fanned by strong winds, the fire advanced toward the town of Milna, prompting authorities to activate an early warning system for residents. More than 200 people were evacuated as a precaution.

Chief Firefighting Commander Slavko Tucakovic told local media that no one had suffered serious injuries, although some people had inhaled smoke. No serious health consequences had been reported so far.

Croatia has been hit by a string of major wildfires this summer amid unusually hot and dry weather.

**Xinhua**

# Trump expects war with Iran to end after U.S. midterm elections

**LONDON September 13**

U.S. President Donald Trump said Sunday that he expected war with Iran to end this year, possibly after midterm elections due in the United States in November.

"It'll end right after the midterms. Gasoline's going to drop like a rock," Trump told reporters during a visit to Ireland.

On June 18, the United States and Iran signed a memorandum of understanding on ending the war in the region. Under the memorandum, they were scheduled to hold negotiations within 60 days, which ended on August 17, to reach a final agreement, but the fate of the talks remains unclear following the recent escalation of hostilities between the two countries.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# English Grammar in Use (Intermediate Level)

## Unit 60 Preposition (in/for/about etc.) + -ing

**A** If a preposition (**in**/**for**/**about** etc.) is followed by a verb, the verb ends in -**ing**:

| | *preposition* | *verb* (-**ing**) | |
|---|---|---|---|
| Are you interested | **in** | **working** | for us? |
| I'm not good | **at** | **learning** | languages. |
| Kate must be fed up | **with** | **studying**. | |
| What are the advantages | **of** | **having** | a car? |
| Thanks very much | **for** | **inviting** | me to your party. |
| How | **about** | **meeting** | for lunch tomorrow? |
| Why don't you go out | **instead of** | **sitting** | at home all the time? |
| Amy went to work | **in spite of** | **feeling** | ill. |

You can also say 'instead of **somebody** doing something', 'fed up with **people** doing something' etc. :

- I'm fed up with **people** telling me what to do.

**B** We say:

**before -ing, after -ing**:

- **Before going out**, I phoned Sarah. (not Before to go out)
- What did you do **after leaving** school?

You can also say '**Before I went** out …' and '… **after you left** school'.

**by -ing** (to say how something happens):

- You can improve your English **by reading** more.
- She made herself ill **by** not **eating** properly.
- Many accidents are caused **by** people **driving** too fast.
- The burglars got into the house **by breaking** a window and **climbing** in.

**without -ing**:

- We ran ten kilometres **without stopping**.
- It was a stupid thing to say. I said it **without thinking**.
- She needs to work **without** people **disturbing** her. or … **without being** disturbed.
- I have enough problems of my own **without having** to worry about yours.

**C** **to + -ing** (look forward **to doing** something etc.)

We often use **to** + infinitive (**to do** / **to see** etc.):

- We decided **to travel** by train.
- Would you like **to meet** for lunch tomorrow?

But **to** is also a preposition (like **in**/**for**/**about**/**with** etc.). For example:

- We went from Paris **to Geneva**.
- I prefer tea **to coffee**.
- Are you looking forward **to the weekend**?

If we use a preposition + verb, the verb ends in -**ing**:

- I'm fed up **with travelling** by train.
- How **about going** away this weekend?

So, when **to** is a preposition and it is followed by a verb, we use **to -ing**:

- I prefer driving **to travelling** by train. (not to travel)
- Are you looking forward **to going** on holiday? (not looking forward to go)

be/get used to -ing — Unit 61 Verb + preposition + -ing Unit 62 while/when -ing — Unit 68B
in spite of — Unit 113 Prepositions — Units 121–136

Raymond Murphy

# ယူကရိန်းပဋိပက္ခဖြေရှင်းရေး ကြားဝင်စေ့စပ်ပေးရန် ရှီကျင့်ဖျင်နှင့်မိုဒီ တက်ကြွစွာကမ်းလှမ်း

**မော်စကို၊ နိုင်ငံရေး**

BRICS အဖွဲ့ထိပ်သီးအစည်းအဝေး၏ ဘေးပန်းဆွေးနွေးပွဲများအတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နာရန်ဒရာမိုဒီနှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့သည် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် သီးခြားစီတွေ့ဆုံစဉ် ယူကရိန်းပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ကြားဝင်စေ့စပ်ပေးရန် တက်ကြွစွာကမ်းလှမ်းကြကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က စက်တင်ဘာလ ၁၃ ရက်တွင်အတည်ပြုပြောသည်။



နှစ်နိုင်ငံခေါင်းဆောင်များကြားတွေ့ဆုံပွဲများအတွင်း နာရန်ဒရာမိုဒီနှင့် ရှီကျင့်ဖျင်တို့က ယူကရိန်းအရေးကို အထူးစိတ်ဝင်တစားရှိကြောင်းပြသပြီး ပဋိပက္ခပြေလည်စေရေးနည်းလမ်းများကို ရှာဖွေရာတွင် အကောင်းဆုံးကူညီဆောင်ရွက်ပေးသွားမည်ဟု ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း ပက်စကော့ကရှင်းပြသည်။

အဆိုပါအိန္ဒိယနှင့် တရုတ်ခေါင်းဆောင်တို့၏ဆန္ဒအပေါ် ရုရှားသမ္မတ ဗလာဒီမာပူတင်ကကြိုဆိုပြီး ယူကရိန်းပဋိပက္ခအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူက ဖြည့်စွက်ပြောသည်။

ယခုကဲ့သို့ အာရှအင်အားကြီးနိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေးအတွက် ကြားဝင်စေ့စပ်ရန်ကြိုးပမ်းမှုသည် ကမ္ဘာ့သံတမန်ရေးစင်မြင့်တွင် အရေးပါသော အလှည့်အပြောင်းတစ်ခု ဖြစ်လာခြင်းဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကိုလည်း ရုရှားဘက်က မျှော်လင့်ချက်ထားရှိကြောင်း မကြာသေးမီကထုတ်ပြန်ထားပြီး ယခုအခါ မိုဒီနှင့် ရှီကျင့်ဖျင်တို့၏ ကမ်းလှမ်းမှုက ယူကရိန်းအရေးဖြေရှင်းရန် နိုင်ငံတကာ၏ သံတမန်ရေးလှုပ်ရှားမှုများကို ပိုမိုအားကောင်းလာစေသည်။

ယူကရိန်းပဋိပက္ခ ရပ်တန့်ရေးအတွက် ဘက်စုံသံတမန်လမ်းကြောင်းများ ပွင့်လာနိုင်ခြေရှိသော်လည်း မြေပြင်အခြေအနေနှင့် အဆိုပါ ကြားဝင်စေ့စပ်မှုများကြား မည်မျှအထိ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ကို နိုင်ငံတကာကစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Ref: ST**

# ကမ္ဘာ့စွမ်းအင်အတွက် ဆော်ဒီအာရေဗျမှရရှိနိုင်သောရေနံပမာဏ ၄ ရာခိုင်နှုန်းအထိဆုံးရှုံးနိုင်

**လန်ဒန်၊ စွမ်းအင်**

ဆော်ဒီအာရေဗျနိုင်ငံ၏ ပင်လယ်နီသို့ ဦးတည်သွယ်တန်းထားသော ပင်မအရှေ့-အနောက်ရေနံပိုက်လိုင်းကို ရက်ပိုင်းအတွင်း ပြန်မလည်ပတ်နိုင်ပါက ကမ္ဘာ့စွမ်းအင်အတွက် ဆော်ဒီအာရေဗျမှရရှိနိုင်သောရေနံပမာဏ ၄ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ပြီး ကမ္ဘာ့ရေနံပြတ်လပ်မှုကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ဆော်ဒီအာရေဗျမှရေနံဝယ်ယူသူများနှင့် ကုန်သည်များက စက်တင်ဘာလ ၁၃ ရက်တွင်သတိပေးသည်။

ပြီးခဲ့သည့် သီတင်းပတ်ကဖြစ်ပွားသော ဒရုန်းတိုက်ခိုက်မှုများကြောင့် ထိုအရှေ့-အနောက် ရေနံပိုက်လိုင်းကို ပိတ်ထားခဲ့ရခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှုပမာဏနှင့် မည်မျှကြာသည်အထိ ပိတ်ထားရမည်ကို ဆော်ဒီအာရေဗျဘက်က အသေးစိတ်ထုတ်ပြန်ခြင်းမရှိသေးပေ။ အချို့သတင်းအရင်းအမြစ်များ၏အဆိုအရ ပြင်ဆင်မှုများလုပ်ရန် သီတင်းပတ် ငါးပတ်မှခြောက်ပတ်အထိ ကြာမြင့်နိုင်သည်ဟု သိရသည်။

လွန်ခဲ့သည့် ၆ လအတွင်း စစ်ပွဲများကြောင့် ဟော်မုရေလက်ကြားပိတ်ဆို့မှုဖြစ်ပွားချိန်တွင် ဆော်ဒီအာရေဗျက ယင်းပိုက်လိုင်းကိုအသုံးပြု၍ ပင်လယ်နီဒေသရှိ ယန်ဘူဆိပ်ကမ်းသို့ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၄ သန်းခန့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိတွင် ယန်ဘူဆိပ်ကမ်း၌ ၅ ရက်မှ ၇ ရက်စာခန့်သာပို့ကုန်ကျန်ရှိတော့ပြီး အီဂျစ်နိုင်ငံရှိ သိုလှောင်ကန်များမှ ရေနံများပါ ကုန်လွန်သွားပါက ရေနံထောက်ပံ့မှုမှာ လုံးဝပြတ်တောက်သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ၏ထုတ်ပြန်ချက်အရ ဩဂုတ်လအတွင်း ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံထောက်ပံ့မှုသည် နှစ် ၃၀ အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး ယခုနှစ်အတွင်း ကမ္ဘာ့ရေနံထောက်ပံ့မှု၏ ၆ ရာခိုင်နှုန်းခန့်ဖြစ်သော တစ်ရက်လျှင် ရေနံစည် ၅ ဒသမ ၇ သန်းခန့် လျော့ကျသွားနိုင်သည်ဟု သတိပေးထားသည်။

**Ref: AGC**



# တရုတ်၏ ရေဒါတယ်လီစကုပ်က ကမ္ဘာ့အကြီးဆုံးကော့စမစ်ဓာတ်ငွေ့မြေပုံတည်ဆောက်

**ပေကျင်း၊ အာကာသ**

တရုတ်နိုင်ငံ၏ ရေဒါရေဒီယိုတယ်လီစကုပ်တစ်ခုဖြစ်သော FAST က စကြဝဠာအတွင်း ကြယ်များဖြစ်ပေါ်မွေးဖွားရာတွင် အဓိကအခြေခံကျသည့် နျူထရယ်ဟိုက်ဒရိုဂျင် ဓာတ်ငွေ့အစုအဝေးအရေအတွက် ပမာဏ ၁၅၆၄၁၁ ခုကို စစ်ဆေးတွေ့ရှိပြီး ကမ္ဘာ့အကြီးဆုံး ကော့စမစ်ဓာတ်ငွေ့ဆိုင်ရာမြေပုံကို တည်ဆောက်နိုင်ခဲ့ကြောင်း သုတေသီများက ထုတ်ပြန်လိုက်သည်။

ယခုထုတ်ပြန်လိုက်သည့် FASHI DR2 သုတေသနအချက်အလက်များအရ လွန်ခဲ့သော ၂ နှစ်အတွင်း တိုင်းတာရရှိခဲ့သည့် ကောင်းကင်ဧရိယာပမာဏသည် ဧရိယာစတုရန်းဒီဂရီ ၁၉၅၀၀ ထိ ကျယ်ပြန့်လာပြီး စကြဝဠာ၏ကောင်းကင်ပြင် တစ်ဝက်နီးပါးကိုလွှမ်းမိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသည် အမေရိကန်၏ Arecibo တယ်လီစကုပ်က ရယူခဲ့ဖူးသည့် စံချိန်ဟောင်းထက် ၅ ဆ ပိုမိုများပြားသော ပမာဏဖြစ်သည်။



နျူထရယ်ဟိုက်ဒရိုဂျင်သည် စကြဝဠာကြီး၏ အစောပိုင်းကာလမှ အသက်အကြီးဆုံးအခြေခံဒြပ်ထုတစ်ခုဖြစ်ပြီး ကြယ်များ၊ နဂါးငွေ့တန်းများဖြစ်ပေါ်စေရန် အခြေခံကုန်ကြမ်းဖြစ်သလို ၎င်းမှထုတ်လွှတ်သည့် ၂၁ စင်တီမီတာရှိ လှိုင်းအလျားသည် အာကာသအတွင်းရှိ ဖုန်မှုန့်များကို တိုးဖောက်ဖြတ်သန်းနိုင်သဖြင့် စကြဝဠာ၏ မူလဓာတ်ငွေ့ဆိုင်ရာ အချက်အလက်များကို ကမ္ဘာပေါ်သို့ ပေးပို့နိုင်ခြင်းဖြစ်သည်။

အဆိုပါ အချက်အလက်များသည် နဂါးငွေ့တန်းများဖြစ်ပေါ်ပြောင်းလဲမှု၊ Dark Matter ဖြန့်ကြက်တည်ရှိမှု၊ စကြဝဠာ၏ တည်ဆောက်ပုံ အခင်းအကျင်းနှင့် ဒြပ်ဆွဲအားလှိုင်းပစ်မှတ်များကို လေ့လာရာတွင် အရေးပါသည့် အထောက်အကူများကို ပေးစွမ်းနိုင်စေမည်ဖြစ်ကြောင်း သုတေသီများကပြောထားသည်ဟု SCMP သတင်းဌာနက ဖော်ပြထားသည်။

**Ref: SCMP**

# AI နည်းပညာမြင့်တင်ရေး အရှိန်အဟုန်ကို လျှော့ချရန် နည်းပညာကုမ္ပဏီများက တောင်းဆို

**မော်စကို၊ နည်းပညာ**

ဉာဏ်ရည်တုနည်းပညာ (AI) မော်ဒယ်များ ပိုမိုအားကောင်းမှုနှင့်အတူ လူသားတို့၏ ထိန်းချုပ်မှုမှ လွတ်သွားနိုင်သည့် ဘေးအန္တရာယ်များရှိနေသဖြင့် AI နည်းပညာမြှင့်တင်ရေး အရှိန်အဟုန်ကို ချက်ချင်းလျှော့ချရန် သက်ဆိုင်ရာနည်းပညာကုမ္ပဏီကြီးများ၏ ခေါင်းဆောင်များက တိုက်တွန်းတောင်းဆိုလိုက်သည်။

Anthropic ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒယ်ရီယိုအာမိုဒေးက လာမည့်လပိုင်းအတွင်း AI မော်ဒယ်များသည် လူသားတို့၏ ထိန်းချုပ်မှုကို ကျော်လွန်ကာ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ စတင်ဖန်တီးနိုင်ကြောင်း သတိပေးထားသည်။ ထို့ပြင် Anthropic ၏ သုတေသနပညာရှင်ဟောင်း ဂျက်ကော့ကော့ဆွန်ကလည်း နည်းပညာကုမ္ပဏီများသည် တာဝန်ယူမှုမရှိဘဲ အဆင့်မြင့်မားသည့် ဉာဏ်ရည်တုနည်းပညာရရှိရေး ပြိုင်ဆိုင်နေကြကြောင်းနှင့် ထိုနည်းပညာက လူသားမျိုးနွယ်စုကို အန္တရာယ်ပြုနိုင်ကြောင်းသတိပေးထားသည်။

**Ref: RT**

# အင်ဒိုနီးရှားမှာ သင်္ဘောတစ်စင်း တိမ်းမှောက်၊ လူ ၁၃၀ ခန့်ပျောက်ဆုံးနေ


**ဂျကာတာ၊ မတော်တဆမှု**

အင်ဒိုနီးရှားနိုင်ငံရှိ ဂျာဗားပင်လယ်၌ ခရီးသည်တင်သင်္ဘောတစ်စင်းမှာ အဆက်အသွယ်ပြတ်တောက်ကာ တိမ်းမှောက်သွားပြီးနောက် အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး လူ ၁၃၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်းနှင့် လူ ၁၀၇ ဦးကို ကယ်ဆယ်ထားနိုင်ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနက စက်တင်ဘာလ ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ခရီးသည်တင်သင်္ဘော Virgo Transport 8 သည် ရာသီဥတုဆိုးရွားမှုနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် စက်တင်ဘာလ ၁၃ ရက် နံနက် ၂ နာရီခန့်တွင် အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်သည်။ သင်္ဘောပေါ်တွင် ခရီးသည်စုစုပေါင်း ၂၄၃ ဦးလိုက်ပါလာပြီး ဂျာဗားပြည်နယ်အရှေ့ပိုင်းရှိ ဆူရာဘာယာမြို့မှ တောင်ကာလီမန်တန်ပြည်နယ်ရှိ ဗန်ဂျာမာဆင်းမြို့သို့ထွက်ခွာလာခြင်းဖြစ်သည်။

အစောပိုင်းတွင် သင်္ဘောနစ်မြုပ်သွားသည်ဟု ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်ထားသော်လည်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဒူဒီပူဝါဂန်ဒီကမူ ရဟတ်ယာဉ်ဖြင့် လှည့်လည်စစ်ဆေးမှုများအရ သင်္ဘောမှာ တိမ်းမှောက်သွားခြင်းဖြစ်ပြီး မြုပ်သွားခြင်းမရှိသေးကြောင်း စက်တင်ဘာလ ၁၃ ရက်မွန်းလွဲပိုင်းသတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

**Ref: Xinhua**



# Xiaomi က Dragonscale ဘက်ထရီနဲ့အတူ အာမခံချက်ကြီးစွာပေး

နည်းပညာကုမ္ပဏီဖြစ်တဲ့ Xiaomi ဟာ CALB နဲ့ Sunwoda Power တို့နဲ့ ပူးပေါင်းပြီး Dragonscale လို့ အမည်ပေးထားတဲ့ ဘက်ထရီနည်းပညာအသစ်ကို မိတ်ဆက်လိုက်ပါတယ်။ ဘက်ထရီနဲ့ပတ်သက်ပြီး Xiaomi က ထူးခြားပြီး စိန်ခေါ်မှုများတဲ့ အာမခံချက်တစ်ခုပေးလိုက်တာကတော့ စက်ရုံထုတ်ချွတ်ယွင်းချက်ကြောင့် ဘက်ထရီမီးလောင်မှုဖြစ်ပွားခဲ့ရင် သုံးစွဲသူကိုကားသစ်တစ်စီး အခမဲ့အစားထိုးလဲလှယ်ပေးသွားမယ်ဆိုတာပါပဲ။

ဒ့ါအပြင် ယာဉ်မတော်တဆမှု သို့မဟုတ် လမ်းကြောင်းပေါ်မှရိုက်ခတ်မှုများကြောင့် မီးလောင်ခဲ့ရင်တောင် အာမခံကုမ္ပဏီက လျော်ကြေးပေးတဲ့ပမာဏနဲ့ ကားရဲ့လက်ရှိပေါက်ဈေးကြားကွာဟချက်ကို Xiaomi ဘက်က စိုက်ထုတ်တာဝန်ယူပေးသွားမှာဖြစ်ပါတယ်။ သို့သော် ဒီအာမခံချက်ဟာ ကိုယ်ပိုင်စီးနင်းတဲ့ ပထမဆုံးပိုင်ရှင်များအတွက်သာ အကျုံးဝင်ပြီး အငှားကား ဒါမှမဟုတ် တစ်နိုင်တစ်ပိုင်တက္ကစီဆွဲသူများနဲ့ ဒုတိယဝယ်ယူသူများအတွက် အကျုံးမဝင်ပါဘူး။

Dragonscale ဘက်ထရီမှာ အဆင့်မြင့်ဘေးကင်းလုံခြုံရေး နည်းပညာတွေပါဝင်ပြီး ဘက်ထရီဆဲလ်တစ်ခုခု ပူလောင်ပျက်စီးခဲ့ရင်တောင် အခြားဆဲလ်တွေကို မီးမကူးစက်အောင် ကာကွယ်ပေးနိုင်ပါတယ်။ ဒ့ါအပြင် AI စနစ်သုံး Cloud BMS နဲ့ ဘက်ထရီအခြေအနေကို ၂၄ နာရီပတ်လုံး စောင့်ကြည့်ပေးနေမှာဖြစ်ပါတယ်။ **Ref: EA**

**ကိုထက်**

# အသီးတချို့မှရတဲ့ဒြပ်ပေါင်းတစ်ခုက နှလုံးရောဂါကုသရေးအတွက် လမ်းစတစ်ခုပေး

သလဲသီး၊ သစ်ကြားသီးနဲ့ တချို့သောဘယ်ရီသီးတွေကို စားသုံးပြီးနောက် ခန္ဓာကိုယ်အတွင်း သဘာဝအတိုင်းထွက်ရှိတဲ့ Urolithin A ဆိုတဲ့ ဒြပ်ပေါင်းဟာ ကုသရခက်ခဲတဲ့ နှလုံးပျက်စီးမှုရောဂါတစ်မျိုးအတွက် လမ်းစတစ်ခုပေးတဲ့ နည်းလမ်းအသစ်တစ်ရပ်ဖြစ်လာနိုင်ကြောင်း King’s College London မှ သုတေသီများက တွေ့ရှိခဲ့ကြပါတယ်။

နှလုံးကသွေးကို ညှစ်ထုတ်နိုင်သော်လည်း ခုန်နှုန်းတစ်ခုနဲ့တစ်ခုကြားကောင်းမွန်စွာမလျှော့ချနိုင်ဘဲတောင့်တင်းနေတဲ့ နှလုံးရောဂါအမျိုးအစားမှာ Urolithin A ဒြပ်ပေါင်းက နှလုံးလုပ်ဆောင်ချက်တွေကို ၈၀ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်လာစေကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုတွေမှာ တွေ့ရှိခဲ့တာဖြစ်ပါတယ်။

ဒီဒြပ်ပေါင်းက နှလုံးကြွက်သားတွေကို ပြေလျော့စေတဲ့ပရိုတင်းဓာတ်ကို လှုံ့ဆော်ပေးပြီး နှလုံးကြွက်သားအမျှင်တွဲပျက်စီးခြင်းနဲ့ နှလုံးကြွက်သားပုံမှန်မဟုတ်ဘဲ ကြီးထွားလာခြင်းတို့ကို လျှော့ချပေးနိုင်တာကို ဓာတ်ခွဲခန်းထုတ်လူသားနှလုံးတစ်သျှုးတွေနဲ့ သတ္တဝါစမ်းသပ်မှုတွေမှာ အတည်ပြုနိုင်ခဲ့ပါတယ်။ သို့သော်လည်း ဒီတွေ့ရှိချက်ဟာ ဓာတ်ခွဲခန်းအဆင့် သုတေသနသာရှိသေးတာကြောင့် လက်တွေ့စမ်းသပ်ကုသမှုတွေ ပြုလုပ်ဖို့ လိုအပ်နေသေးကြောင်း သုတေသီများကပြောထားပါတယ်။ **Ref: STD**

**ကိုထက်**



# သဘော်နဲ့လေယာဉ်ပေါင်းစပ်ထားတဲ့ E- Seaglider

အမေရိကန်နည်းပညာကုမ္ပဏီဖြစ်တဲ့ REGENT က ရေယာဉ်ရဲ့အသုံးဝင်မှုနဲ့ လေယာဉ်ရဲ့လျင်မြန်မှု ပေါင်းစပ်ထားတဲ့ ရေပေါ်ဝဲလေယာဉ် (E–Seaglider) Viceroy ကို လူလိုက်ပါတဲ့ပထမဆုံးစမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ထုတ်ပြန်လိုက်ပါတယ်။

ရုတ်အိုင်းလန်းပြည်နယ် နာရာဂန်ဆက်ပင်လယ်ကွေ့ပေါ်မှာပြုလုပ်ခဲ့တဲ့ စမ်းသပ်မှုအတွင်း သဘော်ာကပ္ပတိန် နှစ်ဦးက လိုက်ပါမောင်းနှင်ခဲ့ပြီး ရေပြင်အထက် ၃၃ ပေ အမြင့်မှ ၁၉၅၆ ပေအကွာအဝေးကို စက္ကန့် ၃၀ ကြာ ပျံသန်းပြသခဲ့တာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့အကြီးဆုံး လျှပ်စစ်စွမ်းအင်သုံး WIG ရေယာဉ်ရဲ့လူလိုက်ပါတဲ့ ပထမဆုံး စမ်းသပ်မှုလည်း ဖြစ်ပါတယ်။


Viceroy ရေယာဉ်ကို စနစ်သုံးမျိုးနဲ့ မောင်းနှင်နိုင်ပါတယ်။ အဲဒါတွေကတော့ အရှိန်နည်းချိန် ရေပေါ်မှာသဘော်ာကဲ့သို့သွားနိုင်ခြင်း၊ အရှိန်ရလာပါက ရေအောက်တောင်ပံသုံးပြီး ရေပြင်အထက်တက်ခြင်းနဲ့ အရှိန်မြင့်ချိန်မှာ လေထုဖိအားစနစ်သုံးပြီး ရေပြင်အထက် ကပ်လျက်ပျံသန်းခြင်းတို့ဖြစ်ပါတယ်။

ဒီယာဉ်ဟာ တစ်နာရီမိုင် ၁၈၀ အရှိန်နဲ့ မိုင် ၁၈၀ အကွာအဝေးအထိသွားနိုင်ပြီး ခရီးသည် ၁၂ ဦးနဲ့ အဖွဲ့ဝင်နှစ်ဦး လိုက်ပါနိုင်မှာဖြစ်ပြီးလေယာဉ်မှူးများအစား သဘော်ာကပ္ပတိန်များကသာ မောင်းနှင်သွားရမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**




# ရထားသံလမ်းတုန်ခါမှုကို လျှပ်စစ်ဓာတ်အားအဖြစ်ပြောင်းမယ့်နည်းပညာ




ရထားလမ်းတွေပေါ် ရထားဖြတ်သန်းစဉ် ထွက်ပေါ်လာတဲ့ တုန်ခါမှုစွမ်းအင်တွေကို လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲပေးနိုင်တဲ့ နည်းပညာသစ်တစ်ရပ်ကို အင်ဂျင်နီယာတွေက တီထွင်ဖန်တီးလိုက်ကြပါတယ်။ ရထားတစ်စင်း ခုတ်မောင်းသွားတဲ့အခါ ရထားသံလမ်းတွေမှာ ပြင်းထန်တဲ့တုန်ခါမှုနဲ့ ဖိအားတွေ စဉ်ဆက်မပြတ် ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒီစွမ်းအင်အသစ်ထုတ်လုပ်မှုစနစ်က သံလမ်းတုန်ခါမှုတွေကို ဖမ်းယူပြီး ပုံမှန်လည်ပတ်တဲ့ စက်မှုစွမ်းအင်အဖြစ် ပြောင်းလဲကာ လျှပ်စစ်ဓာတ်အားထုတ်ယူပေးတာဖြစ်ပါတယ်။ ဒီအတွက် အထူးဒီဇိုင်းထွင်ထားတဲ့ စက်မှုအစိတ်အပိုင်းတွေနဲ့ မော်တာစနစ်တွေကို အသုံးပြုထားပါတယ်။

ဒီနည်းပညာရဲ့ ထူးခြားချက်ကတော့ တုန်ခါမှုကြောင့် ဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှုတွေကို ဟန်ချက်ညီညီလည်ပတ်စေပြီး လျှပ်စစ်ဓာတ်အားကို ထိရောက်စွာထုတ်လုပ်ပေးနိုင်တာပဲ ဖြစ်ပါတယ်။ ထုတ်လုပ်ရရှိလာတဲ့ လျှပ်စစ်ဓာတ်အားကို ရထားလမ်းဘေးက မီးပွိုင့်များ၊ လမ်းကြောင်းပြစနစ်များ၊ အချက်ပြမီးများနဲ့ စောင့်ကြည့်ကင်မရာများမှာ တိုက်ရိုက်ပြန်လည်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လျှပ်စစ်လိုင်းနဲ့အလှမ်းဝေးတဲ့ ဒေသတွေမှာရှိတဲ့ ရထားလမ်းပိုင်းအတွက် သီးခြားဓာတ်အားလိုင်း သွယ်တန်းစရာမလိုဘဲ ကုန်ကျစရိတ်ကို များစွာသက်သာစေနိုင်ပါတယ်။ ဒ့ါအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ကာဗွန်ထုတ်လွှတ်မှုကိုပါ လျှော့ချပေးနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# Kirin ချစ်ပြားပါဝင်တဲ့ Huawei သုံးခေါက်ချိုးဖုန်း



တရုတ်နည်းပညာထိပ်တန်းကုမ္ပဏီဖြစ်တဲ့ Huawei ဟာ သူတို့ရဲ့ ကိုယ်ပိုင် Tau Scaling Law နည်းပညာကို အခြေခံထုတ်လုပ်ထားတဲ့ နောက်ဆုံးပေါ် Kirin 9050 Pro ချစ်ပြားသုံး Mate XT 2 သုံးခေါက်ချိုး စမတ်ဖုန်းအသစ်ကို မကြာသေးခင်ကမိတ်ဆက်လိုက်ပါတယ်။ ဒီထုတ်ကုန်ဟာ နိုင်ငံခြားစက်ပစ္စည်းတွေအပေါ် မှီခိုနေရမှုကိုလျှော့ချပြီး ချစ်ပြားစွမ်းဆောင်ရည်ကိုမြှင့်တင်ဖို့ကြိုးပမ်းမှုရဲ့ မှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။

ကွမ်ကျိုးမြို့မှာပြုလုပ်ခဲ့တဲ့ မိတ်ဆက်ပွဲမှာ Huawei ရဲ့ သုံးစွဲသူအဖွဲ့အစည်းဥက္ကဋ္ဌ ရစ်ချတ်ယုက ဒီ Kirin 9050 Pro ချစ်ပြားဟာ ကုမ္ပဏီသမိုင်းမှာ စွမ်းဆောင်ရည် အကောင်းဆုံးဖြစ်ကာ ပြီးခဲ့တဲ့နှစ်က ထွက်ရှိထားတဲ့ Mate XTs မော်ဒယ်ထက် စွမ်းဆောင်ရည် ၄၂ ရာခိုင်နှုန်း ပိုမိုမြင့်မားလာတယ်လို့ဆိုပါတယ်။ ဒီသုံးခေါက်ချိုးဖုန်းအသစ်ကို စတင်ဈေးနှုန်း ယွမ် ၁၉၉၉၉ နဲ့ ရောင်းချသွားမှာပါ။

ဒီဖုန်းမှာ အဆင့်မြှင့်တင်ထားတဲ့ Har-monyOS 7 စနစ်ကို ပထမဆုံးအကြိမ် ထည့်သွင်းအသုံးပြုထားပြီး AI စွမ်းဆောင်ရည်တွေကိုလည်း မြှင့်တင်ပေးထားပါတယ်။ Nvidia ရဲ့ အစားထိုးဖြစ်လာတဲ့ Huawei ရဲ့ Ascend AI ချစ်ပြားတွေကိုလည်း တရုတ် AI ကုမ္ပဏီများက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါတယ်။ **Ref: GA**

**ကိုထက်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့်ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစန်းထွေး၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးရဲဖြိုး၊ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှဒုတိယရဲအုပ်မေမြတ်မိုး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်လှိုင်သန်းနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့မရဲစခန်းမှ ရဲအုပ်မျိုးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်လင်းဇော်နှင့်သောင်ကြီးနယ်မြေရဲစခန်းမှ ရဲအုပ်ပြေအေးနှင့်အဖွဲ့သည်လည်းကောင်း၊ ဒလမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေး(Home visit)ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း စက်ဘီးဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် လူကူးမျဉ်းကျားမှ ပြည်သူများ လမ်းဖြတ်ကူးစေရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကျော်နှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းမြင့်နှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီး နယ်မြေရဲစခန်းစခန်းမှူး ရဲအုပ်မင်းဇော်ထက်နှင့် အဖွဲ့သည်လည်းကောင်း၊ မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ကေတီဗွီဆိုင်အား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဓာတ်ပုံ – တိုင်းရဲတပ်ဖွဲ့**

**အောင်သူ**



❒ ကျောဖုံးမှအဆက်

Online လောင်းကစားဂိမ်းများအား ပြည်သူအများ ပိုမိုကစားလာစေရန်အတွက် Agent Level များ အဆင့်ဆင့်သတ်မှတ်ထားရှိ၍ ဦးစီးဆောင်ရွက်ခြင်း၊ ဆွဲဆောင်စည်းရုံးခြင်းနှင့် လောင်းကစားကွန်ရက်ကျယ်ပြန့်လာအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဓိက ဦးစီးဆောင်ရွက်သူ Level မြင့် Agent များအား ဖမ်းဆီးရမိရေး အလေးထားဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် Ibet 789 Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ကိုင်ဖုန်း ၂ လုံးဖြင့်လည်းကောင်း၊ Senior Agent နှင်းဝတ်ရည်ကျော်အပါအဝင်တရားခံ၃ဦးအားမန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အိမ်အမှတ်(၆၇၀)၌ လက်ကိုင်ဖုန်း ၈ လုံး၊ Laptop ၁ လုံး၊ Tablet ၁ လုံး၊ မော်တော်ယာဉ် ၁ စီးတို့ဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၄ ရက်တွင် Online လောင်းကစားဂိမ်း Senior Agent ကျော်စိုးလင်းအား လှိုင်သာယာမြို့နယ်၊ ရေအုပ်ကန်ရပ်ကွက်ရှိ Mandarin Hotel ၌ လက်ကိုင်ဖုန်း ၂ လုံး၊ မော်တော်ယာဉ် ၂ စီးတို့ဖြင့်လည်းကောင်း၊ Online လောင်းကစားဂိမ်း Senior Agent ယဉ်ယဉ်နုအား သာကေတမြို့နယ်၊ အနော်မာ(၁) ရပ်ကွက်၊ လမ်းသစ်(၁)လမ်း၊ အမှတ်(၆၆/က)၌ လက်ကိုင်ဖုန်း ၁ လုံးဖြင့် လည်းကောင်း အသီးသီးဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Senior Agent ဖြိုးသိင်္ဂီသည် ၂၀၂၃ ခုနှစ်မှ စ၍ Ibet 789၊ 555 Mix၊ Sports Xzone Website များတွင် Online လောင်းကစား Agent အဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ Senior Agent နှင်းဝတ်ရည်ကျော်သည် ၂၀၂၂ ခုနှစ်မှစ၍ Ibet 789 Website တွင် Online လောင်းကစား Agent အဖြစ် လုပ်ကိုင်ခဲ့ပြီး ကောင်းခန့်ညီ၊ ချစ်နှင်းဝေနှင့် ဇင်ငြိမ်းသူတို့သည် နှင်းဝတ်ရည်ကျော်၏လက်အောက်တွင်ကူညီလုပ်ကိုင်ခဲ့ကြောင်း၊ Online လောင်းကစား Senior Agent ကျော်စိုးလင်းသည် ၂၀၂၁ ခုနှစ်မှစ၍ Ibet 789 Website တွင် Online လောင်းကစား Agent အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် Sport 899 နှင့် 555 Mix လောင်းကစားဂိမ်းများအား ထပ်မံတိုးချဲ့လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်း၏ဇနီးဖြစ်သူ ယဉ်ယဉ်နုသည်လည်း ၂၀၂၃ ခုနှစ်မှစ၍ Online လောင်းကစား Senior Agent အဖြစ် လုပ်ကိုင်ခဲ့ကြောင်း စိစစ်သိရှိရသည်။

ဖြစ်စဉ်တွင် Online လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၂ဦး၊ အမျိုးသမီး ၅ဦး စုစုပေါင်း ၇ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ Online လောင်းကစားဂိမ်း Agent ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ၁၃ လုံး၊ laptop ၁ လုံး၊ Tablet ၁ လုံး၊ မော်တော်ယာဉ် ၃ စီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်လှစ်၍ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ Online လောင်းကစား Agent အဖြစ် ဦးစီးဆောင်ရွက်နေသူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်းနှင့်မိဘပြည်သူများအနေဖြင့် Online လောင်းကစား Agent အဖြစ် ဆောင်ရွက်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီ၏ မှတ်တမ်းဓာတ်ပုံ**



ဖြိုးသိင်္ဂီ၊ ၃၁ နှစ်၊ (ဘ)ဦးကြည်မင်း

**ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent နှင်းဝတ်ရည်ကျော်နှင့် တရားခံ ၃ ဦး၏ မှတ်တမ်းဓာတ်ပုံ**



နှင်းဝတ်ရည်ကျော်



ကောင်းခန့်ညီ



ချစ်နှင်းဝေ



ဇင်ငြိမ်းသူ

**ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားဂိမ်း Senior Agent များဖြစ်သည့် ကျော်စိုးလင်းနှင့် ယဉ်ယဉ်နု၏ မှတ်တမ်းဓာတ်ပုံ။**



ကျော်စိုးလင်း၊ ၄၆ နှစ်၊ (ဘ) ဦးအောင်သန်း



ယဉ်ယဉ်နု၊ ၄၉ နှစ်၊ (ဘ) ဦးမြသိန်း(ကွယ်)

# ဝမ်းတွင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

**ဝမ်းတွင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထနောင်းကုန်းကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းနိုင်ရေး အဘိတ်ဆေးခတ်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနှင်းအိအိသွယ်၏ ဦးဆောင်မှုဖြင့် ထနောင်းကုန်းကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ထနောင်းကုန်းကျေးရွာ၌ရေတွင်း ရေကန်များ၊ ခြင်ပေါက်ပွားနိုင်သည့်နေရာများ၌ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ( ဖုံး၊ သွန်၊ လဲ၊ စစ် ) လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၂)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စပါးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ရာသီအစလေးပွဲဆက် သွင်းဂိုးမရရှိသည့် မှတ်တမ်းဆိုးကိုရရှိခဲ့

**လန်ဒန် စက်တင်ဘာ ၁၃**




ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ်ကစားသည့် စပါးအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ပြီးနောက် စပါးအသင်းအနေဖြင့် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရာသီအစ လေးပွဲဆက် သွင်းဂိုးတစ်ဂိုးမှ မရရှိဘဲ နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက တန်းဆင်းဇုန်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် အသင်းကို ကြီးကြီးမားမား အပြောင်းအလဲများလုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် ဒီဇာဘီအားခန့်အပ်ခဲ့သည်။ စပါးအသင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလကလည်း တိုနယ်လီ၊ မာမွတ်၊ မူဒရစ်၊ ဆာဗီယို၊ ဖာနန်ဒက်စ်၊ ဗန်ဟက်ကီ၊ ဆန်စီ စသည့်ကစားသမားများကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀၀ ကျော်အသုံးပြုပြီး ခေါ်ယူခဲ့သော်လည်း အသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ရာသီအစပိုင်းတွင်ပင် ရလဒ်များ ဆိုးရွားနေခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် ၃ ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် နော့တင်ဟမ်အသင်း၊ အဲဗာတန်အသင်းတို့နှင့် ပွဲစဉ်များတွင်လည်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လေးပွဲကစားပြီးချိန်အထိ နိုင်ပွဲမရှိသေးသည့်အပြင် အသင်းတိုက်စစ်ပိုင်း အနေဖြင့်လည်း တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဒီဇာဘီအနေဖြင့် ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိ အောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း စပါးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရပြီး အနာဂတ်မရေမရာဖြစ်လာခဲ့ခြင်း ဖြစ်သည်။

စပါးအသင်းသည် လာမည့်ပွဲစဉ်သုံးပွဲတွင်လည်း လီဗာပူးအသင်း၊ အက်စ်တွန်ဗီလာအသင်း၊ မန်ယူအသင်းတို့နှင့် ကစားရမည်ဖြစ်သည့်အတွက် ဆက်လက်ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Football London*

# အာဆင်နယ်အသင်း၏ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ကယ်လာဖီအိုရီရရှိ

**လန်ဒန် စက်တင်ဘာ ၁၃**

ယခုဘောလုံးရာသီ ဩဂုတ်လအတွက် အာဆင်နယ်အသင်း၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို ခံစစ်ကစားသမား ကယ်လာဖီအိုရီက ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ကယ်လာဖီအိုရီသည် ဩဂုတ်လအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြနိုင်ပြီးနောက် အသင်းဖော်များဖြစ်ကြသည့် ဆာကာနှင့်အိုဒီဂတ်တို့ကို ကျော်ဖြတ်ပြီး ဩဂုတ်လ အတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကယ်လာဖီအိုရီသည် မန်စီးတီးအသင်းနှင့်ကစားသည့် ကွန်မြူနတီဒိုင်းဖိုင်နယ်ပွဲတွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားသည့် ကိုဗင်ထရီအသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်နှင့် အက်စ်တွန်ဗီလာအသင်းနှင့် ကစားသည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ် လုပ်ဆောင်နိုင်ပြီးနောက် အသင်း၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ကယ်လာဖီအိုရီသည် အသင်းခံစစ်ပိုင်း တွင်လည်း အကောင်းဆုံးခြေစွမ်းပြနေသူဖြစ် ကြောင်း သိရသည်။

*Ref;Football London*

# 2026 US Open Junior Girl's ပြိုင်ပွဲတွင် ခရစ်တီးနားနှင့် အန်နီကာတို့ ချန်ပီယံဆုဆွတ်ခူး




**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံ၌ကျင်းပခဲ့သည့် 2026 US Open Junior Girl's ပြိုင်ပွဲတွင် အမေရိကန်တင်းနစ် အမြွှာညီအစ်မများဖြစ်သည့် ခရစ်တီးနားနှင့် အန်နီကာတို့က ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

2026 US Open Junior Girl's ပြိုင်ပွဲတွင် ခရစ်တီးနားနှင့် အန်နီကာတို့သည် ဆီမီးဖိုင်နယ်အဆင့်တွင် အိန္ဒိယတင်းနစ်မယ် ရီဗာသီနှင့် ယူကရိန်းတင်းနစ်မယ် ဆူရာကိုဗာ တို့အတွဲကို (၇-၆)၊ (၆-၂) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် ခရစ်တီးနားနှင့် အန်နီကာတို့သည် ရုရှားတင်းနစ်မယ်များဖြစ်ကြသည့် ဘရီဇီနာ၊ တီယန်ရီဗိတို့အတွဲနှင့် ကစားရာတွင် (၇-၆)၊ (၆-၃) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ခရစ်တီးနားနှင့် အန်နီကာတို့အတွဲသည် ၂၀၂၅ ခုနှစ်ကလည်း ဂရင်းဆလင်း အဆင့်ပြိုင်ပွဲဖြစ်သည့် AUSTRALIAN OPEN JUNIOR GIRLS ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခုအခါတွင်လည်း ဂျူနီယာဂရင်းဆလင်းအဆင့် ပြိုင်ပွဲဖြစ်သည့် 2026 US OPEN JUNIOR GIRL'S ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် ဒုတိယအကြိမ်မြောက် ဂျူနီယာအဆင့်ဂရင်းဆလင်းအဆင့်တွင် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;US Open Tennis*

# Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လော်ရှိုင် ဦးဆောင်နေ

**ဒဗ္ဗလင် စက်တင်ဘာ ၁၃**

အိုင်ယာလန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် Amgen Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ပြိုင်ပွဲအပြီးတွင် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား လော်ရှိုင်က ထိပ်ဆုံးမှ ဦးဆောင်နေသည်။

လော်ရှိုင်သည် ပြိုင်ပွဲစတင်သည့်အချိန်မှစတင်ပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ကာ စတင်ဦးဆောင်နိုင်ခဲ့ပြီး တတိယအကျော့ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ထပ်မံရရှိခဲ့ကာ စုစုပေါင်းရိုက်ချက် ၆၅ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက် ထပ်မံလျှော့ချနိုင်ပြီးနောက် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

တတိယအကျော့ပြိုင်ပွဲ အပြီးတွင် လော်ရှိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်ထိလျှော့ချနိုင်ပြီး ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်ကာ လက်ရှိပုံစံကောင်းကို ဆက်လက်ထိန်းထားနိုင်မည်ဆိုပါက ချန်ပီယံဆုအတွက် နီးစပ်နေခြင်းဖြစ်သည်။

လော်ရှိုင်၏နောက်တွင် နော်ဝေဂေါက်သီးရိုက်ကစားသမား အိုလီဆန်က ၁၂ ချက်လျှော့ဖြင့် အဆင့်(၂)၊ တရုတ်ဂေါက်သီးရိုက်ကစားသမား ဟာအိုတုန်လီက ကိုးချက်လျှော့ဖြင့် အဆင့်(၃)၊ အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်ကစ်ဘင်က ခုနစ်ချက်လျှော့ဖြင့် အဆင့်(၄)နေရာ၌ရပ်တည်နေကြောင်း သိရသည်။

*Ref;DP Tour*

# ဟက်ထရစ်သွင်းဂိုးယူနိုင်သည့်အသက်အငယ်ဆုံးကစားသမားအဖြစ် မာစတန်တူအိုရပ်တည်

**ရောမ စက်တင်ဘာ ၁၃**




ဖီအိုရင်တီးနားအသင်းတိုက်စစ်ကစားသမား မာစတန်တူအိုသည် အီတလီစီးရီးအေပွဲစဉ်အဖြစ် ဖီအိုရင်တီးနားအသင်းနှင့် ဗီနီဇီယာအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အသက်အငယ်ဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

မာစတန်တူအိုသည် ၂၀၂၅ ခုနှစ်က ရေးဗားပလိတ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းတွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် ယခုဘောလုံးရာသီတွင် ဖီအိုရင်တီးနားအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

မာစတန်တူအိုသည် အီတလီစီးရီးအေ ပွဲစဉ်(၄)အဖြစ်ကစားခဲ့သည့် ဖီအိုရင်တီးနားအသင်းက ဗီနီဇီယာအသင်းကို ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဟက်ထရစ် သွင်းဂိုးသွင်းယူနိုင်ခြင်းဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းကစားသမားဟောင်း မက်ဆီသည် အသက် ၁၉ နှစ် ၂၅၉ ရက်ဖြင့် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အသက်အငယ်ဆုံးဟက်ထရစ် သွင်းဂိုးရှင်အဖြစ်ရပ်တည်နေခြင်းဖြစ်ပြီး ယခုအခါ မာစတန်တူအိုသည် အသက် ၁၉ နှစ် ၂၈ ရက်ဖြင့် မက်ဆီအား ကျော်ဖြတ်ပြီး ဥရောပတွင် အသက်အငယ်ဆုံး ဟက်ထရစ် သွင်းဂိုးရှင်ဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

# လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ

ဘုန်းမောင်ဝင်း(ဖျာပုံ)

ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့်ပြဿနာများစွာတွင် လူအချင်းချင်းလှည့်ပတ်ကာ လူကုန်ကူးနေခြင်းများပေါ်ပေါက်လျက်ရှိသည်။ လူကုန်ကူးမှုကျူးလွန်နေသူတို့မှာ ကိုယ်ချင်းစာစိတ်ကင်းမဲ့သည့် အတ္တသမားများဖြစ်သည်။ ကိုယ့်ဖို့ ကိုယ့်မိသားစုဖို့ဆိုသည့်အရေးဖြင့် လူကုန်ကူးမှုများကိုလက်မနှေးဘဲ ကျူးလွန်နေကြသည်။ ဘာသာရေးရှုထောင့်ကကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကကြည့်ကြည့် မဖြစ်သင့်၊ မလုပ်သင့်သောအလုပ်ကို လုပ်နေကြသူများဖြစ်သည်။ လောကတွင် ရိုးရိုးသားသား အသက်မွေးဝမ်းကျောင်းပြုရန် လုပ်ငန်းများ များစွာရှိနေပါလျက် လူအချင်းချင်း ခေါင်းပုံဖြတ်ကာ လူကုန်ကူးမှုကျူးလွန်နေခြင်းမှာ မကောင်းသော အသက်မွေးမှုပြုနေခြင်းဖြင့် နောက်ဆုံးတွင် ဥပဒေဘောင်အတွင်း သက်ဆင်းကြရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လက်ခံကျင့်သုံးလျက်ရှိသည့်နိုင်ငံဖြစ်သည်။ ကိုယ်ချင်းစာ စိတ်ထားဖြင့် ပြုမူ၊ လုပ်ကိုင်၊ ပြောဆိုခြင်းဖြင့် မကောင်းမှုကိုရှောင်ကြဉ်ကြရမည်။ ကံကံ၏အကျိုးပေးအရ မကောင်းမှုပြုသူတို့မှာ မကောင်းကျိုးကို ပြန်လည်ခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။ မကောင်းမှုပြုသူတိုင်းသည် နောင်ဘဝတွင် မကောင်းမှုဒဏ်ကို ဆက်လက်ခံရမည်ဖြစ်သကဲ့သို့ လက်ရှိဘဝတွင်လည်းဥပဒေဘောင်အတွင်းက လွတ်ကင်းခြင်းမျိုး မရှိပေ။ တရားဥပဒေ၏ဆုံးမမှုအောက်သို့ ရောက်ရှိကြရမည်သာဖြစ်သည်။ မြန်မာတို့၏ဂရုဓမ္မသီလဖြစ်သောငါးပါးသီလတွင် မုသာဝါဒလိမ်ညာပြောဆိုခြင်းမှာ အဆိုးရွားဆုံးမကောင်းမှုကိုကျူးလွန်ခြင်းလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရက ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ထုတ်ပြန်ပေးထားသည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း **“လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ထိုသူကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည်”**ဟူ၍ ဖွင့်ဆိုထားသည်။

နည်းလမ်းများအဖြစ် “ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ ထိုသူအပေါ်ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏ သဘောတူညီချက်ရရှိရန်ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း”ဟုဖော်ပြထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာများကိုတိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီလေးရပ်နှင့် အဆင့်ဆင့်သောလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိသည်။

> **◆ နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာများကိုတိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီလေးရပ်နှင့် အဆင့်ဆင့်သောလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိ. . .**

ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့်ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများကို ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook၊ Tiktok နှင့် Telegram များကိုအသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ်လွှဲပြောင်းပေးခြင်းများပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် ခေါင်းပုံဖြတ်မှုများ လုပ်ဆောင်လျက်ရှိသည်။

**မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေသကဲ့သို့ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်ကို “မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့”အဖြစ်သတ်မှတ်ထားသည်။ နှစ်စဉ်လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကိုကျင်းပလာခဲ့ရာ ယခုနှစ်တွင်(၁၄)ကြိမ်မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်**သည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်အဖြစ် **“လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ”** ဟူ၍ချမှတ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကိုအရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများနှင့် အခြားသော ဒုစရိုက်လုပ်ငန်းများသည်လည်း လူကုန်ကူးခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ဒုစရိုက်လုပ်ငန်းမှန်သမျှသည် လူသားတို့အတွက် ကောင်းကျိုးလုံးဝမဟုတ်ဘဲ ဆိုးကျိုးအမျိုးမျိုးကိုသာဖြစ်ပေါ်စေလျက်ရှိသည်။

လူကုန်ကူးမှုနှင့်ပတ်သက်လာလျှင် လူငယ်မောင်မယ်များအနေဖြင့် အထူးသတိထားကြရမည်ဖြစ်သည်။ ငွေကြေးလစာအများကြီးရမည်၊ ကောင်းမွန်စွာနေထိုင်ရမည်။ အလုပ်လည်းပင်ပင်ပန်းပန်း လုပ်ကိုင်ရမည်မဟုတ်ဟူသော လိမ်လည်မှုအမျိုးမျိုးဖြင့်ထောင်ချောက်ဆင်ကာ လူငယ်တို့ကိုသိမ်းသွင်းကြမည်၊ အချို့သောပညာတတ်၊ ကွန်ပျူတာကျွမ်းကျင်သောလူငယ်များကိုလည်း နေ့ချင်းညချင်းကြီးပွားချမ်းသာတော့မယောင် မက်လုံးပေးကာ စည်းရုံးသိမ်းသွင်းပြီး ရောင်းစားလိုက်ကြသည်။

မည်သူမဆို မိမိတို့၏မိဘ၊ ညီအစ်ကိုမောင်နှမများနှင့်အတူတကွ အေးအတူပူအမျှနေထိုင်လိုကြသူများသာဖြစ်သည်။ သားသမီးများအနေဖြင့်လည်း မိမိတို့၏အလုပ်အကိုင်ဖြင့် မိဘများကိုရှာဖွေကျွေးမွေးလိုသည့်ဆန္ဒရှိကြသည်။ အဆိုပါဆန္ဒအပေါ်တွင် လူကုန်ကူးလိုသူများက ပစ်မှတ်ထားကာ လိမ်လည်မှုထောင်ချောက်ဆင်ကာ အမိဖမ်းလိုက်ကြခြင်းဖြစ်သည်။ သွေးသားရင်းချာဆို၍လည်း စိတ်ချရသည် မဟုတ်ပေ။ ပိုက်ဆံရလျှင် ဘာမဆိုလုပ်မယ်ဆိုသည့် လူညံ့လူတန်းစားတွေရှိနေသ၍ လူကုန်ကူးမှုသံသရာလည်နေမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် အပြောကောင်းကောင်း၊ အဝတ်စားသန့်သန့်ဖြင့် ငွေကြေးချမ်းသာသယောင်ဆောင်ကာ လာရောက်ပြောဆိုသူများကို အထူးသတိထားကြရမည်ဖြစ်သည်။ မိမိမျက်စိဖြင့် မမြင်မတွေ့နိုင်သေးသည့်အလုပ်အကြောင်း မစားရဝခမန်းပြောဆိုလာလျှင် မယုံကြည်ပါနှင့်။

သံသယဖြစ်ဖွယ် အနေအထားမျိုးရှိနေလျှင် နီးစပ်ရာရဲစခန်းများသို့ဆက်သွယ်အကြောင်းကြားပါ။ မြန်မာနိုင်ငံအစိုးရဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ရပ်များကို ထိရောက်စွာတားဆီးနှိမ်နင်းလျက်ရှိပြီး အတင်းအကျပ်ခိုင်းစေခံရသူများကိုကယ်တင်၍ မိခင်နိုင်ငံများသို့ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။ အခြားနိုင်ငံများတွင် အခက်အခဲကြီးမားစွာတွေ့ကြုံနေရသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူနေသည်။

လူငယ်မောင်မယ်များအနေဖြင့် မသေချာသောလုပ်ငန်းမျိုးကိုစိတ်မဝင်စားပါနှင့်။ သူများပြောတိုင်းမယုံပါနှင့်။ ယခုနှစ်အတွက် သတ်မှတ်ထားသည့် **“လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကိုတိုက်ဖျက်ကြ”** ဆိုသည့်ဆောင်ပုဒ်အတိုင်း တိုက်ဖျက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာတော့မည်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ များစွာရှိလာမည်ဖြစ်၍ အဆိုပါအလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး မိမိတို့၏အရည်အချင်းများဖြည့်တင်းထားကြရမည်ဖြစ်သည်။

မိမိတိုင်းပြည်တွင် မိမိတို့ အိုးမကွာအိမ်မကွာ အလုပ်လုပ်ခြင်းသာအကောင်းဆုံးဖြစ်သည်။ မိမိတို့က လိုချင်စိတ်လောဘများလျှင် လိမ်မည့်သူများ၏ထောင်ချောက်တွင်မိသွားပါလိမ့်မည်။ ထိုအခါ အပြန်ခက်ကာ ဘဝကိုဆုံးသွားပေမည်။ ဤသည်ကိုသတိကြီးစွာထားသင့်ပါသည်။ လူငယ်မောင်မယ်တို့ စဉ်းစားတွေးဉာဏ် မြင့်မားစွာထား၍ လူကုန်ကူးမှုကိုတိုက်ဖျက်ကြရမည်ဖြစ်သည်။ ထို့အတူ မိဘပြည်သူများကလည်း မိမိတို့သားသမီးများ လိမ်လည်လှည့်ဖြားခံရကာ လူကုန်ကူးခံရမှုနွံတွင်း မကျဆင်းအောင်ကြိုးပမ်းကြရမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် မြန်မာ့လူမှုနယ်ပယ်တွင် လုံးဝမရှိသင့်သော လူကုန်ကူးမှုပပျောက်ရေးအတွက်ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် **“လူကုန်ကူးမှုနောက်ကွယ်ကလိမ်လည်မှုထောင်ချောက်တွေကိုတိုက်ဖျက်ကြ”**ရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၆။ | ၁၁:၅၅ | မြန်မာ့လက်သံ |
| ၇။ | ၁၂:၁၅ | လေးစားအတုယူစံနမူသူရဲကောင်းများ |
| ၈။ | ၁၅:၃၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၆:၅၃ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀။ | ၁၇:၃၅ | စိုက်ပျိုးသုတ |
| ၁၁။ | ၁၈:၃၅ | ကျန်းမာသုတ |
| ၁၂။ | ၁၈:၄၀ | ကဏ္ဍစုံလင် ဖွံ့ဖြိုးရေးဖြည့်ဆည်းစီမံဆောင်ရွက်ပေး |
| ၁၃။ | ၁၉:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၃၁)** |



၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် (၆၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်ရဲတပ်ဖွဲ့မှရဲတပ်ဖွဲ့မှူး ရဲမှူးမြသောင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် တနိုင်းမြို့ ကင်ဆားရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာလ ၁၂ ရက်တွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။ မြဝတီ

# ဟာလန်း၏ အဆုံးအဖြတ်ဂိုးဖြင့် မန်ယူအသင်းကို အိုးလ်ထရပ်ဖို့ဒ်၌ အနိုင်ရခဲ့သည့် မန်စီးတီး




**ရန်ကုန် စက်တင်ဘာ ၁၃**

အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ် (၄) မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် ယနေ့ည ၁၀ နာရီတွင် အိုးလ်ထရပ်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်မန်စီးတီးအသင်းက အိမ်ရှင် မန်ချက်စတာယူနိုက်တက်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းသည် ပွဲချိန် ၂၃ မိနစ်၌ ကွင်းလယ်လူ ဖိုဒင် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသဖြင့် တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော် မန်စီးတီးသည် အကောင်းဆုံးခြေစွမ်းပြကာ ပွဲချိန် ၆၀ မိနစ်တွင် တိုက်စစ်မှူး ဟာလန်းက ဦးဆောင်အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယခုနိုင်ပွဲကြောင့် မန်စီးတီးအသင်းသည် ရာသီအစ လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၂) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲချိန် ၂၃ မိနစ်ကတည်းက တစ်ယောက်လျော့သွားသည့် မန်စီးတီးအသင်းကို ပွဲချိန်အများစုယှဉ်ပြိုင်ခဲ့ရသော်လည်း ရရှိလာသည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ဘဲ ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဒုတိယပိုင်း ပွဲချိန် ၅၂ မိနစ်တွင် မေနူး၏ ဧရိယာပြင်ပမှ အပြင်းကန်ချက် တိုင်ထိထွက်ခဲ့သလို အမ်ဘူမို၏ ခေါင်းတိုက်ချက်နှင့် ကွန်ညာ၊ ဆက်စကိုတို့၏ အခွင့်အရေးများလည်း လွဲချော်ခဲ့သည်။ ထို့ပြင် ပွဲချိန် ၆၉ မိနစ်တွင် ဂိုးသမား လမ်းမန်းက မန်စီးတီးကွင်းလယ်လူ ဖာနန်ဒက်စ်၏ ကန်ချက်ကို တိုင်ပုတ်ထွက်အောင် အကောင်းဆုံးကာကွယ်သွားနိုင်ခဲ့သည်။

**နေမျိုး**

## ဆန်းဒါးလန်းအိမ်ကွင်း၌ နိုင်ပွဲရယူခဲ့သည့် အာဆင်နယ်

**ဆန်းဒါးလန်း စက်တင်ဘာ ၁၃**

ပရီးမီးယားလိဂ်ပွဲစဉ်(၄)အဖြစ် ဆန်းဒါးလန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ ယနေ့နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ ဧည့်သည်အာဆင်နယ်အသင်းက အိမ်ရှင်ဆန်းဒါးလန်းအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့သော်လည်း ဆန်းဒါးလန်းအသင်း၏ကျစ်လျစ်ခိုင်မာသည့်နောက်တန်းကို အလွယ်တကူထိုးဖောက်၍မရခဲ့ပေ။ ထို့ကြောင့် ပထမပိုင်းပွဲကစားချိန်ပြီးသည်အထိ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်အရောက်တွင် ဆန်းဒါးလန်းအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး အဆိုပါပယ်နယ်တီကို အန်ဇိုလီဖေးက ကန်သွင်းခဲ့ရာ အာဆင်နယ်ဂိုးသမား ဒေးဗစ်ရာယာက ကာကွယ်နိုင်ခဲ့သည်။ ပွဲကစားချိန် ၅၈ မိနစ်တွင် ဒီကလန်ရိုက်ထိုးပေးလိုက်သောဘောလုံးကို ဘာရိုနိုဂ်ိမာရေးက လှလှပပဂိုးဘားတန်းအတွင်းထောင့်ကို ကန်သွင်းယူခဲ့ပြီး အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ဆန်းဒါးလန်းအသင်း တိုက်စစ်မြှင့်ကစားခဲ့သော်လည်း အာဆင်နယ်အသင်း ခံစစ်ကို ကျော်လွှားနိုင်ခြင်းမရှိပေ။ ပွဲပြီးဆုံးနာကျင်အချိန်ပိုတွင် ဆန်းဒါးလန်းကစားသမား ရီနီဒိုက ဘူကာယိုဆာကာအား ပြစ်ဒဏ်ကျူးလွန်ခဲ့သဖြင့် ကွင်းလယ်ဒိုင်က ပယ်နယ်တီသတ်မှတ်ပေးခဲ့ရာ အဆိုပါပယ်နယ်တီကို ဘူကာယိုဆာကာက အမှားအယွင်းမရှိကန်သွင်းယူခဲ့ပြီး ဆန်းဒါးလန်းအသင်းကို အာဆင်နယ်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့်အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၄)အပြီး ရဂိုး ၈ ဂိုး၊ ပေးဂိုး ၁ ဂိုးဖြင့် (မန်ချက်စတာဒါဘီပွဲစဉ်မတိုင်မီ) အဆင့် ၁ နေရာတွင်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းဦး**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)မှ တာဝန်ယူဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရတနာသိင်္ခ်တံတား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါ ဒုတိယအကြိမ် ခေါ်ယူခြင်းအစီအစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီးအတွင်း ရွှေဘို(မင်းကျောင်း)-စဉ့်ကူးလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ရတနာသိင်္ခ်တံတား(၂၄၈၀ ပေ)ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက်နှင့်အောက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၂/၂၀၂၆-၂၀၂၇) |
| ၁။ တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရတနာသိင်္ခ်တံတားလုပ်ငန်းခွင်(ရှင်းလင်းဆောင်)ရုံး စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းခရိုင်၊ မန္တလေးတိုင်း။ |
| ၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | ၁၆-၉-၂၀၂၆ ရက်နေ့(ရုံးချိန်အတွင်း) |
| ၃။ လျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန် | - | ၉-၁၀-၂၀၂၆ ရက်နေ့၊ (ညနေ ၄:၃၀) |
| ၄။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၃-၁၀-၂၀၂၆ ရက်နေ့၊ (နံနက် ၉:၃၀) |
| ၅။ တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | - | ရတနာသိင်္ခ်တံတား(ရှင်းလင်းဆောင်) စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းခရိုင်၊ မန္တလေးတိုင်း။ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၅)မှ ၀၉-၄၀၂၅၂၆၅၆၃၊ ၀၉-၆၉၉၅၉၉၈၄၀ ဖုန်းနံပါတ်များသို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၅)**

---

**"NAMU INTERNATIONAL CO.,LTD."**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ "Namu International Co., Ltd." အား (၁၆-၉-၂၀၂၆)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် B.Com, C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိသည်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

(ဒေါ်မြင့်မြင့်)
ဒေါ်မြင့်မြင့် B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

---

**ပျောက်ဆုံးကြောင်း**

မြင့်မြင့်နိုင်(ဘ)ဦးသန်းဦး ၁၂/သလန(နိုင်) ၁၂၉၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အေးမြတ်နိုးသူ(ဘ)ဦးသူရိန်မျိုး ၈/ခမန(နိုင်) ၁၇၈၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အ.ထ.က ဆေးရိုးခင်၊ G-12 မှ မောင်နေရှိန်းအောင်၏မိခင်အမည်မှန်မှာ ဒေါ်စိုး ၇/ဖမန(နိုင်)၂၂၅၆၉၅ ဖြစ်ပါကြောင်း။
ဒေါ်စိုး

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ မြို့တွင်းကြီး အ.လ.က(ခွဲ) G-5 မှ စောရန်စစ်သွေးအောင်၏ ဖခင်အမည် မှန်မှာ မင်းမင်းသိမ်း ၇/ဒဥန(နိုင်)၀၈၉၃၃၃ ဖြစ်ပါကြောင်း။
မင်းမင်းသိမ်း

**ပျောက်ဆုံးကြောင်း**

အာကာစိုး(ဘ)ဦးသိန်းရွှေ ၅/ယမပ(နိုင်) ၁၁၀၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 245182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မိုးထွန်း(ဘ)ဦးအောင်ကြည် ၅/ကနန(နိုင်) ၀၅၈၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၁၄၉၇၄၆

**ပျောက်ဆုံးကြောင်း**

မင်းနောင်ဦး(ဘ)ဦးလွင်ဦး ၉/ပဥလ(နိုင်) ၀၄၆၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

နိုင်မင်းပိုင်(ဘ)ဦးဖိုလ်မင်း ၁၄/ဖပန(နိုင်) ၂၇၄၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

တင်တင်မြင့်(ဘ)ဦးဖုသာ ၁၃/မဆတ(နိုင်) ၀၇၆၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 181529)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရာဇာဝင်း(ဘ)ဦးတင်ထွန်း ၇/ဒဥန(နိုင်) ၂၁၆၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အုန်းမြင့်(ဘ)ဦးသိန်းညွှန့် ၉/ကပတ(နိုင်) ၀၂၄၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 949807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကြာချိန်(ဘ)ဦးရှောက်ဆူး ၁၃/လရန(နိုင်) ၂၃၉၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၆၉၉၆၇၄

**ပျောက်ဆုံးကြောင်း**

ဖိုလ်ဖိုလ်ဦး(ဘ)ဦးရွှေအေး ၁၂/ဥကတ(နိုင်) ၁၆၅၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၆၉၉၆၇၄

**ပျောက်ဆုံးကြောင်း**

ကိုတင်အောင်လှိုင်(ဘ)ဦးအောင်ရွှေသိန်း ၁၁/သတန(နိုင်)၀၇၅၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၂၅၉၇၇၈

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ယင်းမလွတ်ကျေးရွာ အ.ထ.က ရွှေကျောင်း Grade-12 မှ မောင်သူရမင်းနိုင်၏မိခင်အမည်မှန်မှာ ဒေါ်အုံးစန်း ၁၄/ဇလန(နိုင်)၀၄၄၀၇၁ ဖြစ်ပါကြောင်း။ ဒေါ်အုံးစန်း

**အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ မြို့မ အ.လ.က(ခွဲ) Grade-6 တွင် ပညာသင်ကြားနေသော အဘဦးအောင်ကိုမျိုး၏သား မောင်စွမ်းထက်အောင်၏ အမည်မှန်မှာ ကျောင်းဝင်အမှတ် ၀၄၄၄ အရ မောင်ဖွဲ့မာန်အောင်ဖြစ်ပါကြောင်း။ မောင်ဖွဲ့မာန်အောင်

**ပျောက်ဆုံးကြောင်း**

မအဲလက်နန္ဒာမြင့် (ဘ)ဦးလန်လန်ထွန်း မွေးစာရင်းအရ ၁၇-၆-၂၀၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**

မောင်ဘုန်းကေ (ဘ)ဦးကျော်ဇေယျ မွေးစာရင်းအရ ၂၂-၁၂-၂၀၂၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

မောင်လင်းသုတ (ဘ)ဦးကျော်ဇေယျ မွေးစာရင်းအရ ၁၂-၆-၂၀၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

ကျော်ဇေယျ(ဘ)ဦးမြအောင် ၅/မမန(နိုင်) ၀၈၁၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

သင်းသင်းအေး(ဘ)ဦးထွန်းရွှေ ၉/မမန(နိုင်) ၀၈၈၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


NAY PYI TAW
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း
နေပြည်တော် သောက်ရေသန့်အစွမ်း"
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART NINE MILE Showroom-(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw- ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
AUNG THITSA OO INSURANCE
Hotline - 09-450450561, 09-450450562, 09-450450563

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## သာကေတမြို့နယ်အတွင်း Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းတွင် ဓာတ်အားယူနစ်ပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေးနှင့် AMI စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်အစုအဖွဲ့ဖြင့် Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးနေမှု၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ MOGE GIS ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ယနေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ➔



## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၈၄၀၀၀၀ ကျော် တင်ပို့ထား

စာ - ၁၀ သို့

## MNL U 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်စီးတီးအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ဒုတိယပိုင်းသွင်းဂိုးများဖြင့်အနိုင်ယူ

ရန်ကုန် စက်တင်ဘာ ၁၃

2026 MNL U 20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၁၄) နောက်ဆုံးနေ့တွင် စစ်ကိုင်း ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယနေ့ညနေပိုင်းတွင် ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်စီးတီးအသင်းက ဒုတိယပိုင်း သွင်းဂိုး ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၆ ကော်လံ ၃ ➡



## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် မြန်မာအမျိုးသမီးအသင်း အာရှအမျိုးသမီး ဘောလုံးအင်အားကြီး တောင်ကိုရီးယားအသင်းနှင့် စက်တင်ဘာလ ၁၄ ရက်တွင်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၃

ဂျပန်နိုင်ငံ၌ကျင်းပမည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုပထမပွဲစဉ်အဖြစ်မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အာရှအမျိုးသမီးဘောလုံးအင်အားကြီး အသင်းတစ်သင်းဖြစ်သည့် တောင်ကိုရီးယားအသင်းနှင့် စာမျက်နှာ ၁၇ ကော်လံ ၅ ➲



လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ

ဆောင်းပါး စာ - ၂၉ သို့

## ASEAN Club Championship Shopee Cup ခြေစစ်ပွဲအောင်မြင်ရန် ရှမ်းယူနိုက်တက်အသင်း လာအိုကလပ်အသင်းကို အနည်းဆုံးနှစ်ဂိုးပြတ်သွင်းရမည်

ရန်ကုန် စက်တင်ဘာ ၁၃

ASEAN Club Championship Shopee Cup ၂၀၂၆-၂၀၂၇ ရာသီ ခြေစစ်ပွဲဝင် ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် လာအိုကလပ် အီဇရာအသင်းကို ဒုတိယအကျော့တွင် အနည်းဆုံး ၂ ဂိုးပြတ်သွင်းအနိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် စက်တင်ဘာလ ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပသည့် ပထမအကျော့ပွဲစဉ်၌ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပြိုင်ဘက်အီဇရာအသင်းကို နောက်ကျဂိုးများ ခွင့်ပြုခဲ့ရပြီး ၂ ဂိုး ၃ ဂိုးနှင့် ရှုံးနိမ့်ထား၍ ခြေစစ်ပွဲအောင်မြင်ရန် မဖြစ်မနေ ဂိုးပြတ်သွင်းနိုင်ရန် လိုအပ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ➩

## ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



တရားခံ မျိုးကိုနှင့် ဇော်လင်းအောင်(ခ)ကိုဆက်(ခ)အငယ်လေးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၃

ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများဖမ်းဆီးရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ စာမျက်နှာ ၂၀ ကော်လံ ၅ ●

### နိုင်ငံတကာသတင်း

တရုတ်၏ ရောမတယ်လီစကုပ်က ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဓာတ်ငွေ့ မြေပုံတည်ဆောက်

စာ - ၂၅ သို့

---

အင်ဒိုနီးရှားမှာ သင်္ဘောတစ်စင်း တိမ်းမှောက်၊ လူ ၁၃၀ ခန့် ပျောက်ဆုံးနေ

စာ - ၂၅ သို့

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၉-၂၀၂၆

| | | | | |
|---|---|---|---|---|
| ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) | ၃ | ဒသမ | ၁၁ | လက်မ |
| မော်လမြိုင် | ၃ | ဒသမ | ၁၁ | လက်မ |
| ရန်ကုန် (ကမ္ဘာအေး) | ၂ | ဒသမ | ၆၀ | လက်မ |
| မဒေါက် | ၂ | ဒသမ | ၃၆ | လက်မ |

## တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ (Senior Agent) များအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသားများသည် Online အခြေပြုလောင်းကစား Website များတည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာခြင်း၊ Online လောင်းကစားဂိမ်းကစားနိုင်ရန် တရားမဝင်ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူအချို့အနေဖြင့် ဝင်ရောက်ကစားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ လောင်းကစားဂိမ်းများကစားခြင်းကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး အကျင့်စာရိတ္တပျက်ပြားခြင်း၊ နောက်ဆက်တွဲ ဒုစရိုက်မှုများကျူးလွန်ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းများ ဖြစ်ပွားသည်အထိ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာလျက်ရှိကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ❒